# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၂၀) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

## (၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၇၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၅၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၇-၂-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့ အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးကတင်ပြခွင့်ပြုပါရန် ဦးစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၇၇ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၄၉

ဦးအနက် ၇ ဦးကတော့ ယခင်က ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၄၂ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁၇ ရက်၊

(၂) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၃ ရက်၊

(၃) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၃ ရက်၊

(၄) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၃ ရက်၊

(၅) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၁ ရက်၊

(၆) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၃ ရက်၊

(၇) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၁ ရက်၊

(၈) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၉) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၁၀) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၁၁) ဘုးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၁ ရက်၊

(၁၂) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၁၃) အိမ်မဲ မဲဆန္ဒနယ်မှ ဦးစောဂျိမ်း ခွင့် ၁ ရက်၊

(၁၄) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၁၅) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၁၆) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၁၇) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၁ ရက်၊

(၁၈) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၁ ရက်၊

(၁၉) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၂၀) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂၁) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၂၂) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၁ ရက်၊

(၂၃) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၂၄) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၂၅) ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ် ခွင့် ၁ ရက်၊

(၂၆) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ခွင့် ၁ ရက်၊

(၂၇) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၂၈) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၂ ရက်၊

(၂၉) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၂ ရက်၊

(၃၀) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၃ ရက်၊

(၃၁) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၃ ရက်၊

(၃၂) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၃ ရက်၊

(၃၃) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၃ ရက်၊

(၃၄) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၃ ရက်၊

(၃၅) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၁၀ ရက်၊

(၃၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၇) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၂ ရက်၊

(၃၈) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၃၉) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၁ ရက်၊

(၄၀) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးဟိန်း ခွင့် ၁၀ ရက်၊

(၄၁) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်နှင့်

(၄၂) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူ ၄၂ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၂ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးနှင့်ပတ်သက်၍ မည်သည့်အစိုးရလက်ထက်တွင် စာရင်းပြုစုပြီး ရရှိလာခဲ့သည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်

များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းမှာ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးရှိကြောင်း ဖတ်ရှုလေ့လာသိရှိရပါ တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတည်ဆောက်ရာမှာ အထောက်အကူပြုနိုင်စေရေးအတွက် ၎င်းတိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးကို မျိုးနွယ်စုများအလိုက်စုစည်းပြီးသိရှိလိုပါတယ်။ ထို့အပြင် အဆိုပါတိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးစာရင်းကို မည်သည့်အချိန်ကာလ၊ မည်သည့် အစိုးရလက်ထက်တွင် မည်သို့မည်ပုံစာရင်းပြုစုပြီး ရရှိလာသည်ကိုလည်း သိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည် တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ရွာငံမဲဆန္ဒနယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တွင် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးရှိသည်ဟု သိရှိရပါကြောင်း၊ ၎င်းတိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးကို မျိုးနွယ်စုအလိုက် အသေးစိတ်သိရှိလိုပါကြောင်း အဆိုပါတိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုး နှင့်ပတ်သက်၍ မည်သည့်အချိန်ကာလ၊ မည်သည့်အစိုးရလက်ထက်တွင် မည်သို့မည်ပုံစာရင်းပြုစုပြီး ရရှိလာခဲ့သည်ကိုလည်း သိရှိလိုပါသည်ဟု မေးမြန်းခဲ့ပါတယ်။ အဆိုပါမေးခွန်းနှင့်ပတ်သက်၍ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်က လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် မှတ်တမ်းများအရ အဓိကလူမျိုးစုကြီးများဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသော လူမျိုးစု ၈ စုရှိပြီးတော့မှ မျိုးနွယ်စုများအနေဖြင့် ကချင် မျိုးနွယ်စုတွင် ၁၂ စု၊ ကယားမျိုးနွယ်စုတွင် ၉ စု၊ ကရင်မျိုးနွယ်စုတွင် ၁၁ စု၊ ချင်းမျိုးနွယ်စုတွင် ၅၃ စု၊

ဗမာမျိုးနွယ်စုတွင် ၉ စု၊ မွန်မျိုးနွယ်စုတွင် ၁ စု၊ ရခိုင်မျိုးနွယ်စုတွင် ၇ စု၊ ရှမ်းမျိုးနွယ်စုတွင် ၃၃ စု၊ စုစုပေါင်းတိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးရှိကြောင်းသိရှိရပါတယ်။ မျိုးနွယ်စုအလိုက်အသေးစိတ်စာရင်းများကို တင်ပြရရင်-

(က) ကချင်မျိုးနွယ်စုမှာ ၁၂ စုရှိပြီးတော့မှ အသေးစိတ်အနေဖြင့် ကချင်၊ ထရုမ်း၊ ဒလောင်၊ ဂျိမ်းဖေါ၊ ဂေါ်ရီ၊ ခခု၊ ဒူးလန်း၊ မရူ(လော်ဂေါ်)၊ ရဝမ်၊ လရှီ၊ အဇီး၊ လီဆူးတို့ပါဝင်ပါတယ်။

(ခ ) ကယားမျိုးနွယ်စု ၉ စုရှိပြီး အသေးစိတ်အနေဖြင့် ကယား၊ ဇယိမ်း၊ ကယမ်း(ပဒေါင်)၊ ကဲ့ခို၊ ဂေဘား၊ ပရဲ(ကယော်)၊ မနုမနော၊ ယင်းတလဲ၊ ယင်းဘော်တို့ ပါဝင်ပါတယ်။

(ဂ ) ကရင်မျိုးနွယ်စု ၁၁ စုရှိပြီး အသေးစိတ်အနေဖြင့် ကရင်၊ ကရင်ဖြူ၊ ပလေကီး၊ မွန်ကရင် (စာဖြူ)၊ စကော(ကရင်)၊ တလေပွား၊ ပကူး၊ ဘွဲ၊ မောနေပွား၊ မိုးပွား၊ ပိုး(ကရင်) တို့ ပါဝင်ပါတယ်။

(ဃ) ချင်းမျိုးနွယ်စုတွင် ၅၃ စုရှိပြီး အသေးစိတ်အနေဖြင့် ချင်း၊ မယ်တိုင်(ကသဲ)၊ ဆလိုင်း၊ ကလင်ကော(လုရှေ)၊ ခမီ၊ အောင်ခမီ၊ ခေါနိုး၊ ခေါင်စို၊ ခေါင်ဆိုင်ချင်း၊ ခွာဆင်း(မ်)၊ ခွန်လီ(ဆင်မ်)၊ ဂန်တဲ့၊ ဂွေးတဲ၊ ငွန်း၊ ဆီစာန်၊ ဆင်တန်၊ ဆိုင်းတန်၊ ဇာတောင်၊ ဇိုတုံး၊ ဇိုဖေ၊ ဇို၊ ဇန်ညှပ်၊ တပေါင်၊ တီးတိန်(တဲဒင်မ်)၊ တေဇန်၊ တိုင်ချွန်း၊ တာ့ဒိုး၊ တောရ်၊ ဒင်မ်၊ ဒိုင် (ယင်ဒူး)၊ နာဂ၊ တန်ခူး၊ မာရင်၊ ပနန်း၊ မကန်း၊ မတူ၊ မိရမ်(မရာ)၊ မိအဲ၊ မွင်း၊ လူရှိုင်း (လူရှည်)၊ လေးမြို့၊ လင်တဲ၊ လောက်ကူ၊ လိုင်၊ လိုင်ဇို၊ ပါကင်းမ်(မရို)၊ ဟွာလ်ငို၊ အနူး၊ အနန်၊ အုပု၊ လျင်းကူ၊ အရှိုချင်း (မြေပြန့်)၊ ရောင်ကုတို့ပါဝင်ကြောင်း တင်ပြအပ်ပါတယ်။

(င ) ဗမာမျိုးနွယ်စုတွင် ၉ စုရှိပြီးတော့မှ ဗမာ၊ ထားဝယ်၊ ဗြိတ်၊ ဆော(ယော)၊ ရဘိန်း၊ ကဒူး (ဒိုကူး)၊ ဂဏန်း၊ ဆလုံ၊ ဖုန်း(ဖွန်) တို့ပါဝင်ပါတယ်။

(စ ) မွန်လူမျိုးနွယ်စုမှာ မွန် ၁ စုသာရှိပါတယ်။

(ဆ) ရခိုင်လူမျိုးနွယ်စုတွင် ၇ စုရှိပြီးတော့မှ ရခိုင်၊ ကမန်၊ ခမွီး၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက်တို့ပါဝင်ကြောင်းတင်ပြအပ်ပါတယ်။

(ဇ ) ရှမ်းလူမျိုးနွယ်စုတွင် ၃၃ စုရှိပြီး အသေးစိတ်အနေဖြင့် ရှမ်း၊ ယွန်း(လာအို)၊ ကွီ၊ ဖျင်၊ သအို၊ ဓနော၊ ပလေး၊ အင်၊ စုံ(ဆံ)၊ ခမူ၊ ကော်(အာခါ-အီကော)၊ ကိုးကန့်၊ ခန္တီးရှမ်း၊

ဂုံ(ခွန်)၊ တောင်ရိုး၊ ဓနု၊ ပလောင်၊ မြောင်ဇီး၊ ယင်းကြား၊ ယင်းနက်၊ ရှမ်းကလေး၊ ရှမ်းကြီး၊ လားဟူ၊ အင်းသား၊ အိုက်ဆွယ်၊ ပအို့ဝ်(တောင်သူ)၊ တိုင်းလွယ်၊ တိုင်းလျမ်၊ တိုင်းလုံ၊ တိုင်းလေ့၊ မိုင်းသာ၊ မောရှမ်း၊ ဝ တို့ပါဝင်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ နေထိုင်သော တိုင်းရင်းသားမျိုးနွယ်စု အမည်စာရင်းများ သတ်မှတ်ပြုစုရာတွင် တစ်ဦးတစ်ယောက်တည်းအဖွဲ့အစည်းတစ်ခုတည်းမှ သတ်မှတ်ပြုစု၍ မရနိုင်ပါ။ မြန်မာနိုင်ငံသမိုင်းကော်မရှင်အကြံပေးအဖွဲ့နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုရုံး အကြံပေးအဖွဲ့တို့၏ အကြံပေးချက်များကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းမတိုင်မီကပြုလုပ်ခဲ့တဲ့ သန်းခေါင်စာရင်းများမှာ ကောက်ယူရရှိခဲ့သော လူမျိုးစာရင်းများကိုလည်းကောင်း အခြေခံ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်၏ ညှိနှိုင်းပေးချက်အရ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးဟူ၍ ပေါ်ပေါက်လာကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံမှာရှိ သော တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးနှင့်ပတ်သက်၍ ၁၉၉ဝ ပြည့်နှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ထုတ် လုပ်သားပြည်သူ နေ့စဉ်သတင်းစာတွင်လည်း ယင်းလူမျိုးစုစာရင်းများမှာ ၁၉၃၁ ခုနှစ်တွင် ပြုစုခဲ့သော သန်းခေါင်စာရင်းအရ လူမျိုးစုစာရင်းအခြေခံ၍ လည်းကောင်း၊ ၁၉၅၃-၁၉၅၄ ခုနှစ် လူမျိုးစုစာရင်းအရလည်းကောင်း၊ ၁၉၆ဝ ပြည့်နှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ရှေးဟောင်းစာပေနှင့်ယဉ်ကျေးမှုရုံး၏ အကြံပြုချက်နှင့် ယင်းနှစ်တွင်ပင် မြန်မာနိုင်ငံသမိုင်းကော်မရှင်၏ အကြံပေးချက်အရလည်းကောင်း၊ ၁၉၇၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ၏ ညှိနှိုင်းပေးချက်အရလည်းကောင်း လူမျိုးစုစာရင်းများကို အချိန်ယူပြုစုခဲ့ကြရာ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင် အသုံးပြုခဲ့သော တိုင်းရင်းသားလူမျိုးစုများ စာရင်းဖြစ်ကြောင်းသိရှိရပါသည်ဟု ဖော်ပြထားပါကြောင်း တွေ့ရှိရပါတယ်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးရှိပါကြောင်းနှင့် ယနေ့အထိ အသုံးပြုလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဒုတိယဝန်ကြီး ဖြေသွားတဲ့နေရာမှာ မွန် ၂ စုဆိုပြီးတော့ ဖော်ပြသော်လည်း ၂ စုရဲ့နာမည် မပါပါဘူး။ တကယ်လို့များ ဖြေနိုင်တယ်ဆိုရင် ဖြေကြားသွားပေးပါ။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ မွန်က ၁ စုပဲရှိပါတယ်ခင်ဗျား။ မွန်ပဲရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ ၁ စုဆိုရင်တော့ မှန်ပါတယ်။

**နိုင်ငံတစ်ဝန်း ရပ်ကွက်ကျေးရွာအဆင့်အထိ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန် လျာထားသည့် အစီအမံများနှင့် စပ်လျဉ်းသည့်မေးခွန်း။**

**ဥက္ကဋ္ဌ။** ။ ရှေ့ပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရှေ့ပြည်သာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်တဲ့ အခြေခံအဆောက်အအုံထဲမှာပါတဲ့ လျှပ်စစ်စွမ်းအင်ရရှိမှုနှင့် ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာ ယခင်တာဝန်ယူခဲ့တဲ့ နိုင်ငံတော်အစိုးရအဆက်ဆက်ဟာလည်း နိုင်ငံတော်အတွက် လိုအပ်တဲ့ Intrastructure ဖြစ်တဲ့ အခြေခံအဆောက်အဦတွေကို ဆောင်ရွက်ခဲ့တာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ အဓိကဒီနေရာမှာ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်စွမ်းအင်ရရှိရေး လုပ်ခဲ့တာကိုတွေ့ရပါတယ်။ ဒီနေရာမှာထုတ်နုတ်ပြီးတော့ တင်ပြရရင် လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်လို့ ကျွန်တော်တို့ ပြည်နယ်တစ်ခုဖြစ်တဲ့ ကချင်ပြည်နယ်၊ ဒီပြည်နယ်ဆိုရင် ယနေ့ယခင် ခေတ်အဆက်ဆက်ကလုပ်ခဲ့တဲ့ ရွှေဘို-မြစ်ကြီးနားသွားလမ်းအပေါ်သွားလို့ရှိရင်၊ မြစ်ကမ်းဘေးက နေသွားလို့ရှိရင် ကျွန်တော်တို့ ဝိုင်းမော်-ငရှောင်အပေါ်က ကျွန်တော်တို့ ချီဖွေ၊ ဒီကနေ ပန်ဝါသွားတဲ့ လမ်းမကြီးတွေ အလားတူဒီလမ်းမှာပဲ မိုင်ဝေးကနေခွဲထွက်သွားရင် စိုင်နော်၊ ဆထုံးစမ၊ ထိန်ချုံး သွားတဲ့လမ်းတွေ မလိခမြစ်ရဲ့ဘေးမှာ ကျွန်တော်တို့သွားမယ်ဆိုရင် တန်ဖဲကနေ အင်စွတ်တို့ အင်ဂျွတ်တို့ ဒီကနေ ဆွန်ပရာဘွမ်- အင်ဂျန်းယန်၊ ဆွန်ပရာဘွမ်- ပူတာအိုစတဲ့ လမ်းမကြီးတွေရှိပြီး ဖြစ်ပါတယ်။ ဒီဆွန်ပရာဘွမ်လမ်းဆိုရင် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော် လောက်ကတည်းက သောကြာနေ့ရုံးပိတ်ရင် မြစ်ကြီးနားမှာ ဝန်ထမ်းတွေ ရပ်ရှင်လာကြည့်တဲ့အဆင့်အထိ လမ်းတွေ ကောင်းခဲ့တာဖြစ်ပါတယ်။ ယနေ့လည်းအလားတူ ကချင်ပြည်နယ် တစ်ခုတည်းမှာပဲ နမ္မတီးကနေ သွားရင် နမ္မတီးကနေ ကျွန်တော်တို့ ဒွန်ဘန်တို့၊ လက်ဝါးတို့ လောင်းတီတိမ်ကောက်အထိ

အနောက်ဘက်ကိုပေါက်တဲ့လမ်းတွေ အများကြီးဖြစ်ပါတယ်။ မြစ်ကြီးနားမြို့ကနေသွားရင် ဒေါဖုန်းယန်၊ လွယ်ဂျယ်၊ စိန်လုံစသဖြင့် ကျွန်တော်တင်ပြလိုတာက အရင်အစိုးရအဆက်ဆက်မှာ လမ်းပန်း ဆက်သွယ်မှုကွန်ရက်တွေ ရှိပြီးသားဖြစ်ပါတယ်။ ယနေ့ကျွန်တော်တို့ နိုင်ငံတော်အစိုးရ လက်ထက်မှာလည်း အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ လုပ်နေတာကို တွေ့ရပါတယ်။ ယနေ့ကျွန်တော် တင်ပြမယ့် လျှပ်စစ်စွမ်းအင်နဲ့ပတ်သက်လို့ ကျွန်တော်တို့ ဒီ ၂ နှစ်အတွင်းမှာလည်းအများကြီး တိုးတက်ပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာလည်း များစွာတိုးတက်လာတာကို တွေ့ရပါတယ်။ သို့သော် ကျွန်တော်တို့ နိုင်ငံရဲ့ အခက်အခဲက နည်းပညာနဲ့ ငွေကြေးအရင်းအနှီးဖြစ်ပါတယ်။ ဒါမလုံလောက်တဲ့ အတွက်ကြောင့် အခက်အခဲရှိတဲ့အတွက်ကြောင့် ကန့်သတ်မှုတွေရှိတဲ့အတွက်ကြောင့် တိုးတက်မှု နှေးကွေးနေခြင်းဖြစ် ပါတယ်။ ဒါပေမယ့်လို့ မကြာခင်ရောက်ရှိလာမယ့် ကျွန်တော်တို့ AFTA တို့ AEC တို့ FDI တို့ ဒီအတွက် လိုအပ်တဲ့အခြေခံအဆောက်အဦတွေဟာ တိုးတက်ပြီးတော့လုပ်ဖို့လိုပြီလို့ ကျွန်တော်တို့ကထင်ပါတယ်။ ဒါကြောင့်ဒီနေ့ကနေပြီးတော့ နိုင်ငံတော်တိုးတက်ရေးအတွက်မရှိမဖြစ် လိုအပ်တဲ့ လျှပ်စစ်စွမ်းအင်နဲ့ပတ်သက်လို့ လေ့လာတဲ့အခါမှာ ကျွန်တော်တို့ တင်ပြတဲ့ စီမံကိန်းထဲမှာ ၂၀၁၀-၂၀၁၁မှာ လူတစ်ဦးသုံးရမယ့် ယူနစ်သည် ၁၃၀ ကီလိုဝပ်နာရီဖြစ်ပါတယ်။ လာမယ့် ၂၀၁၅-၂၀၁၆ ကျရင် စုစုပေါင်း ၁၈၁ ကီလိုဝပ်နာရီအထိ တိုးမယ်လို့ ဖော်ပြထားပါတယ်။ နိုင်ငံတော်မှာ မြို့ပေါင်း ၄၈၅ မြို့ ယနေ့မီးပေးပြီးဖြစ်ပါတယ်။ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်မှာ ယနေ့မီးပေးပြီးတာ ၂၀၁၀-၂၀၁၁ မှာ ၂၈၇၈ ရွာပေးပါတယ်။ လာမယ့် ၂၀၁၅-၂၀၁၆ ကျလို့ရှိရင် ၄၁၇၅ ဆိုတော့ ၆.၅ ရာခိုင်နှုန်း တိုးတက်လာမယ်လို့လည်းဖော်ပြထားတာတွေ့ရပါတယ်။ ယနေ့ကျွန်တော်တို့ နိုင်ငံ တစ်နိုင်ငံတည်း မကြည့်ဘဲနဲ့ တစ်ကမ္ဘာလုံးနဲ့ ချိန်ထိုးပြီးကြည့်မယ်ဆိုရင် တစ်ကမ္ဘာလုံးရဲ့ တစ်နေ့သုံး နေတဲ့ လျှပ်စစ်စွမ်းအင်သည် ၁၆ ကီလိုဝပ်ရှိပါတယ်။ လူတစ်ယောက်ကို ၂၄၀၀ နှုန်း ပေးသုံးထား ကြောင်းလည်းတွေ့ရမှာဖြစ်ပါတယ်။ ထုတ်လုပ်မှုကုန်ကျစရိတ်အနေနဲ့ ၁၉၇၇ ခုနှစ်တုန်းက ယနေ့သုံး နေတဲ့ဆိုလာကို တစ်ယူနစ်ထုတ်ရင် ၇၆.၇၆ ဒေါ်လာကျပါတယ်။ ယနေ့ ၂၀၁၃ ခုနှစ်မှာ ဆိုလာ တစ်ယူနစ်ရဲ့တန်ဖိုးသည် တစ်ဒေါ်လာပဲရှိပါတယ်။ အလားတူပဲ သဘာဝဓာတ်ငွေ့က ထုတ်မယ်ဆိုလို့ ရှိရင်လည်း တစ်ဒေါ်လာပဲဖြစ်ပါတယ်။ ကျောက်မီးသွေးက ထုတ်ရင်တော့ ၃ ဒေါ်လာလောက်ပေးရ တယ်လို့ လေ့လာတွေ့ရှိရပါတယ်။ စွမ်းအင်ထုတ်လုပ်မှုနဲ့ပတ်သက်ပြီးတော့ ကျွန်တော် တို့နိုင်ငံမှာ ယနေ့ ရေနွေးငွေ့ကထုတ်တယ်။ ဒီဇယ်ကထုတ်တယ်။ သို့သော် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ပြောင်းလဲ တိုးတက်ပြီးတော့ ထုတ်လုပ်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာသဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်တဲ့

ကျောက်မီးသွေးကထုတ်တာ၊ သဘာဝဓာတ်ငွေ့က ထုတ်တာရှိသလို သဘာဝ ပတ်ဝန်းကျင်မထိခိုက်ဘဲ နဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ ဆိုလာပါဝါ။ ဒါနဲ့ပတ်သက်လို့ တစ်ကမ္ဘာလုံးအတွက် စတုရန်းမိုင် ၅၀၀ ထုတ်ရင်တောင် တစ်ကမ္ဘာလုံးလုံလောက်တယ်လို့ သိရပါတယ်။ ဆာဟာရသဲကန္တာရမှာရှိတဲ့ ဆိုလာကိုထုတ်ရင် တစ်ကမ္ဘာလုံးလိုအပ်ချက်ရဲ့ ၈၀ ရာခိုင်နှုန်း လုံလောက်တယ်လို့လည်းသိရပါတယ်။ သို့သော် ဆိုလာပါဝါထုတ်ခြင်းဟာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းသော်ငြားလည်း ငွေကုန် ကြေးကျအများဆုံးဖြစ်ပါတယ်။ ဒုတိယကျွန်တော်တို့ပြောနေတဲ့ Wind Power လေကနေထုတ်တာ ဖြစ်ပါတယ်။ ဒါဟာသဘာဝ အနေအထားကနေရသော်ငြားလည်း လေစီးကြောင်းတွေ ပြောင်းလဲ ပါတယ်။ လေတိုက်နှုန်းတွေ လျော့ကျပါတယ်။ ပြီးရင်ကျွန်တော်တို့ အီကွေတာကနေ ကျန်တဲ့နိုင်ငံ တွေကို အပူဓာတ်တွေ သယ်ဆောင်တယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ပိုဆိုးတာက လတ္တီကျူနိမ့်တဲ့ နေရာတွေမှာ အပူတွေများပြီးတော့ မြင့်တဲ့နေရာတွေမှာ အအေးဓာတ်တွေလွန်ကဲတဲ့အတွက်ကြောင့် Wind Power ထုတ်ခြင်းသည် ငွေကုန်ကြေးကျနည်းသော်လည်း ရာသီဥတုပြောင်းလဲမှု အများကြီး ဖြစ်စေပါတယ်။ နောက်တစ်ခုက Hydro Power ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အားလုံး သိတဲ့အတိုင်း ဆည်နဲ့လုပ်တဲ့အတွက်ကြောင့် Pressure များပါတယ်။ အောက်မြေတွေပျက်စီးပြီးတော့ ငလျင်လှုပ်မှုတွေကို ဖြစ်စေပါတယ်။ သို့သော်ကမ္ဘာမှာ အိန္ဒိယနိုင်ငံမှာ ယနေ့ဆည်ပေါင်း ၃၃ ခုကနေ ထုတ်နေပါတယ်။ နောင်လာမယ့်အနာဂတ်မှာ ဆည်ပေါင်း ၃၀၀ လောက် ထပ်လုပ်ဖို့ လည်းပြင်ဆင် ထားကြောင်း တွေ့ရပါတယ်။ တရုတ်နိုင်ငံမှာ တိဘက်ကုန်းပြင်မြင့် တစ်ခုတည်းကနေ ဆည် ၇၅၀ လုပ်ဖို့လျာထားပါတယ်။ ဒါကြောင့် တစ်ကမ္ဘာလုံးမှာကြည့်လိုက်ရင် ကျွန်တော်တို့ ပေ ၅၀ အထက်ရှိတဲ့ Hydro Power ထုတ်တဲ့ ဆည်ပေါင်း ၁ သန်းလောက်ရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဒီရေက ထုတ်တာတွေ ရေစီးနှုန်းကထုတ်တာတွေ အဏုမြူကထုတ်တာတွေ။ ဒီလိုပြောင်းလဲနေတဲ့ခေတ်မှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ ကျွန်တော်ခုနကတင်ပြသလို ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲ ရှိသော်ငြားလည်း ပြောင်းလဲဖို့လိုပါပြီ။ ယခုအခြေအနေမှာ ပြည်သူတစ်ရပ်လုံးက လျှပ်စစ်စွမ်းအားကို အပြည့်အဝလိုချင်ပါတယ်။ တင်ပြထားတဲ့ အမျိုးသားစီမံကိန်းမှာလည်း ဘယ်နေ့မှာဘယ်လောက်ထိ ပြီးမယ်။ နှစ်ရှည်စီမံကိန်းအရ ၂၀၁၅ မှာရမှာလား။ ၂၀၃၀ မှာရမှာလားစသည်ဖြင့် ဒါကိုပြည်သူက သိချင်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်က နေဆောင်ရွက်မယ့် ဖော်ဆောင်မယ့်လုပ်ငန်းတွေမှာ မြို့နယ်အလိုက်၊ ကျေးရွာအလိုက် လျှပ်စစ်မီးရရှိဖို့အတွက် ဝန်ကြီး

ဌာနအနေနဲ့ ဆောင်ရွက်ထားတဲ့စီမံကိန်းကို သိရှိလိုပါကြောင်း တင်ပြရင်းနဲ့နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၏ မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ်ဖွံ့ဖြိုးတိုးတက်လာသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်အရ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ဓာတ်အားအပြည့်အဝ ဖြန့်ဖြူးနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများကို နှစ်စဉ်တိုးချဲ့ အကောင်အထည်ဖော် တည်ဆောက်ခြင်းများကို နိုင်ငံတော်မှ ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုပေးသော ငွေလုံးငွေရင်း အသုံးစရိတ်များဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရာမှာ ဓာတ်အားစနစ်ရောက်ရှိမည့် မြို့များနည်းတူ ပတ်ဝန်းကျင်ကျေးရွာများကိုပါ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် နိုင်ငံတော်ရဲ့ အစီအစဉ်ဖြင့် တည်ဆောက်လျက်ရှိရာမှာ တစ်နိုင်ငံလုံး မြို့ပေါင်း ၃၇၅ မြို့ရှိသည့်အနက် ဓာတ်အားစနစ်မှ မီးလင်းပြီးမြို့ ၂၀၂ မြို့၊ အခြားနည်းလမ်းဖြင့် မီးလင်းပြီးမြို့ ၁၇၁ မြို့၊ စုစုပေါင်း မီးလင်းပြီးမြို့ပေါင်း ၃၇၃ မြို့ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အခြားနည်းလမ်းမှ ဓာတ်အားစနစ်သို့ ပြောင်းလဲနိုင်မည့်မြို့ ၆၀ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ်အထိ ဓာတ်အားစနစ်မှ မီးလင်းပြီးမြို့ ၂၆၂ မြို့နှင့် အခြားနည်းလမ်းဖြင့် မြို့ ၁၁၃ မြို့ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ မြို့အားလုံး မီးလင်းနိုင်ရန် စီမံလျာထားပြီးဖြစ်၍ ယင်းလုပ်ငန်းများအတွက် နှစ်စဉ်ရန်ပုံငွေလျာထားတောင်းခံ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဓာတ်အားစနစ်အပါအဝင် အခြားသောနည်းလမ်းများဖြင့် ကျေးရွာများမီးလင်းမှုမှာ နိုင်ငံတော်ရဲ့ အစီအစဉ်ဖြင့်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးအစီအစဉ်ဖြင့် ပြည်သူပါဝင်သောလျှပ်စစ်ဖြန့်ဖြူးရေး အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိရာမှာ တစ်နိုင်ငံလုံး ကျေးရွာပေါင်း ၆၂၂၁၈ ရွာ ရှိတဲ့အနက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ ဓာတ်အားစနစ်မှ မီးလင်းပြီး ကျေးရွာ ၃၈၀၆ ရွာနှင့် အခြားနည်းလမ်းဖြင့် မီးလင်းပြီးကျေးရွာ ၁၆၀၁၈ ရွာဖြစ်တဲ့အတွက် စုစုပေါင်းကျေးရွာ ၁၉၈၂၄ ရွာမီးလင်းပြီး ဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဓာတ်အားစနစ်မှ မီးလင်းနိုင်ရန် ၆၆/၃၃ ကေဗွီ၊ ၆၆/၁၁ ကေဗွီ၊ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများနှင့် ၆၆ ကေဗွီ၊ ၃၃ ကေဗွီ ဓာတ်အားလိုင်းများကို ရန်ပုံငွေရရှိမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ချေးငွေတို့အပေါ်မှာ မူတည်ပြီး လျာထားချက်အတိုင်း ခွင့်ပြုချက်ရရှိပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများမှာ လျာထားချက်အတိုင်း တည်ဆောက်ပြီးစီးမှာဖြစ်ပါတယ်။

လက်ရှိ ဓာတ်အားထုတ်လုပ်မှုမှာ ၁၈၅၀ မဂ္ဂါဝပ်ဖြစ်ပြီး ၂၀၁၆ ခုနှစ်မှာ ဓာတ်အားထုတ်လုပ်မှုမှာ ၃၂၃၆ မဂ္ဂါဝပ် အထိ တိုးတက်လာရန် စီစဉ်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားဖြန့်ဖြူးမည့်ခွဲရုံများ တည်ဆောက်ခြင်းတို့ကို တည်ဆောက်ပြီးစီးပါက ၎င်းဓာတ်အားခွဲရုံများမှတစ်ဆင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းသို့ ကျေးရွာများမှ ကိုယ့်အားကိုယ်ကိုး လာရောက်ဆက်သွယ်လာပါက ဓာတ်အားစနစ်မှ ကျေးရွာများ လျှပ်စစ်မီးရရှိလာမှာ ဖြစ်ပါတယ်။ ထို့အတူပဲ အခြားနည်းလမ်းများဖြစ်သော ပြည်နယ်/တိုင်းဒေသကြီး ဒေသဆိုင်ရာအာဏာပိုင်များ အစီအစဉ်ဖြင့်လည်းကောင်း၊ NGO များ၊ အလှူရှင်များ အကူအညီရယူ၍လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး မီးလင်းရေး အဖွဲ့များဖွဲ့စည်း၍လည်းကောင်း ဆောင်ရွက်ရန်လည်း လိုအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်တစ်ဝန်း ကျေးရွာအဆင့်အထိ လျှပ်စစ်မီးရရှိရေးအတွက် နှစ်အလိုက်လုပ်ငန်းအလိုက် အဆင့်ဆင့် စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦးမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးများတုန်းက ဂွမဲဆန္ဒနယ်က ဦးကြည်သာအဆိုတစ်ခုတင်သွင်းပါတယ်။ ဒါကတော့

ကျေးလက်၊ ကျေးရွာ မီးလင်းရေးဥပဒေ Rulal Electrical Act နှင့်ပတ်သက်ပြီးတော့ အဆိုအောင်ထားတာရှိပါတယ်။ သို့ရာတွင်ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ဒီနေ့ သက်ဆိုင်ရာအသီးသီးက ဆောင်ရွက်တဲ့ နေရာမှာလည်း လိုအပ်နေသေးတယ်လို့ တွေ့ရပါတယ်။ ဒီနေ့ဒုတိယဝန်ကြီးဖြေတဲ့နေရာမှာလည်း လျှပ်စစ်တိုးထုတ်လုပ်ရေးနဲ့ ကျေးရွာများမီးလင်းရေးကိစ္စအတွက် ဆောင်ရွက်တဲ့နေရာမှာ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ဖို့လည်း ပါသွားတာရှိပါတယ်။ လက်တွေ့မှာလည်း ကျေးရွာအသီးသီးက ပြည်သူလူထုဟာ လျှပ်စစ်ရရှိရေးအတွက် သူတို့မှာရှိတဲ့ ငွေအားလူအားနဲ့စိုက်ထုတ်ပြီး ဆောင်ရွက်နေတာလည်းရှိပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့နေရာမှာ အခက်အခဲလည်း များစွာရှိပါတယ်။ ဒါ့ကြောင့် တကယ်လည်းလိုအပ်တယ်။ တကယ်လည်းလုပ်ဖို့လိုတယ်ဆိုတဲ့ကိစ္စမှာ သာမန်စဉ်းစားဆောင်ရွက်ရုံနဲ့ မရဘဲနဲ့ ဦးကြည်သာတင်ထားတဲ့ ကျေးရွာမီးလင်းရေးဥပဒေနဲ့ဆက်စပ်ပြီး ဆောင်ရွက်သွားမှ အဆင်ပြေနိုင်မှာ ဖြစ်တဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိသူကနေလည်း ဒီဥပဒေတွေကို အကောင်အထည်ဖော်နိုင်ဖို့၊ ဆက်လက်ဆောင်ရွက်ဖို့လိုကြောင်း လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာပုဂ္ဂိုလ်အဖွဲ့အစည်းများကို တိုက်တွန်းပါတယ်။

**သံလွင်မြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မည်ဟူသောကိစ္စနှင့် ရေကာတာမှ ရေပိုလျှံရေများကို တစ်ဖက်နိုင်ငံသို့ ပို့လွှတ်မည်ဆိုသော ကိစ္စများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ လျှပ်စစ်စီမံကိန်းနှင့်ပတ်သက်တဲ့ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို သံလွင်မြစ်ပေါ်မှာ တည်ဆောက်မယ်ဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကို မေးမြန်းမှာ ဖြစ်ပါတယ်။ ယခုလို ပွင့်လင်းမြင်သာစွာချီတက်နေတဲ့ ခေတ်စနစ်သစ်ကာလမှာ နိုင်ငံတော်မှာ အရေးပါတဲ့စီမံကိန်းကြီးများတည်ဆောက်ခြင်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာသိရှိနိုင်ရန် လိုအပ်သကဲ့သို့ ပြည်သူတို့အားလည်း စီမံကိန်းများမဖော်ဆောင်မီမှာ အသိပေးဖို့၊ ချပြဖို့လိုအပ်ပါတယ်။ သံလွင်မြစ်ဟာဆိုရင် ကမ္ဘာပေါ်မှာ အရှည်ဆုံးမြစ်များမှာ တစ်ခုအပါအဝင်အဖြစ် ၂၆ စင်းမြောက် လေ့လာသိရှိရသလောက် မြစ်တစ်စင်းဖြစ်ပြီး

ရေကာတာလုံး၀မရှိသေးတဲ့ မြစ်အဖြစ် ၂၀၀၃ ခုနှစ်မှာ ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်ယဉ်ကျေးမှု ရှုခင်းအဖြစ် သတ်မှတ်ခြင်းခံရတဲ့မြစ်ကြီးတစ်ခုဖြစ်တယ်လို့ သိရပါတယ်။ အိမ်နီးချင်းနိုင်ငံတွေ ဖြစ်တဲ့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့်ဆက်နွယ်လျက်ရှိပြီးတော့ မြန်မာပြည်မှာ အဆုံးသတ်ပြီးတော့မှ ပင်လယ်ထဲ စီး၀င်သွားတယ်။ မြန်မာနိုင်ငံပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရာဇ၀င်မှာအထင်ကရ မြစ်တစ်စင်း ဖြစ်ခဲ့ပါတယ်။ စီမံကိန်းများ မဖော်ဆောင်မီ EIA, SIA စစ်ဆေးမှုအချက်အလက်တွေကို ပြည်သူသို့ ချပြဖို့အတွက် အလွန်အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒီဟာနှင့်ပတ်သက်ပြီးတော့ သံလွင်မြစ်မှာ ဒီစီမံကိန်းနှင့်ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ကိစ္စတွေကို ဟိုအရင့်အရင် အစိုးရများ လက်ထက်ကတည်းက ဆောင်ရွက်ခဲ့တာတွေကို ကြားသိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် လေ့လာတွေ့ရှိရတဲ့ အချက်အလက်တွေ အချို့တင်ပြခွင့်ပြုစေ ချင်ပါတယ်ခင်ဗျား။ သံလွင်မြစ်မှာ ရေအားလျှပ်စစ်စီမံကိန်းဆိုတဲ့ စီမံကိန်းတွေနှင့်ပတ်သက်ပြီးတော့ လေ့လာသိရှိရသလောက် ၇ ခုလောက်ရှိပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးအချို့က အဲလောက်များများရှိမှန်း မသိကြတာကို တွေ့ရပါတယ်။ အရင်ဆုံးပြောလိုတာကတော့ ၁၉၉၃ ခုနှစ် ဇူလိုင်လထဲမှာ MTH Group of Company နဲ့ မြန်မာ နိုင်ငံမှာ MOU စွမ်းအင်၀န်ကြီးဌာနနဲ့ ရေးထိုးခဲ့တာရှိပါတယ်။ အဲ့ဒီကနေစပြီး သံလွင်မြစ်၀ှမ်း ဖွံ့ဖြိုး တိုးတက်ရေးဆိုတဲ့ အစီအစဉ်နဲ့စတင်ခဲ့တယ်။ ၁၉၉၄ မှာတော့ MEPE မြန်မာ့လျှပ်စစ်နှင့် ထပ်မံပြီး တော့မှ MOU ထပ်ချုပ်ခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်း ၁၉၉၆ မှာ မြန်မာ့လျှပ်စစ်နဲ့ သဘောတူညီမှု ရပြီးတော့ ဒါနှင့်ပတ်သက်ပြီးတော့မှ စတင်ဆောင်ရွက်ဖို့ Master Plan တွေ ရေးဆွဲခဲ့ကြတာ တွေ့ရ ပါတယ်။ ၁၉၉၇ ခုနှစ် မေလထဲမှာတော့ စွမ်းအင်၀န်ကြီးဌာနနှင့် လျှပ်စစ်ဌာနနဲ့ပါ ဒီ MTH Company အနေနဲ့ တာဆန်း Hydro power Project စီမံကိန်းနှင့်ပတ်သက်ပြီးတော့မှ သူတို့ Proposel တင်ပြလာပါတယ်။ ၁၉၉၇ ခုနှစ် ဇူလိုင်လမှာတော့ ဒီ MOU ထဲမှာ ဘာတွေရေးထိုးခဲ့ကြ သလဲဆိုတော့ မြန်မာနိုင်ငံကနေ ထိုင်းနိုင်ငံကို နှစ်စဉ် ၂၀၁၀ ခုနှစ်ကစပြီးတော့ ၁၅၀၀ မဂ္ဂါ၀ပ် ပေးပို့ပါမယ်ဆိုတဲ့ MOU ထိုးခဲ့တာတွေ့ပါတယ်။ တာဆန်းလျှပ်စစ်စီမံကိန်းဟာ ၇၁၁ မဂ္ဂါ၀ပ် ဒါကို စက် ၁၀ လုံး ဖြစ်တဲ့အတွက် Total ၇၁၁၀ မဂ္ဂါ၀ပ်ထွက်ရှိမယ်လို့ သိရှိရပါတယ်။ တာဆန်း Hydro power ရဲ့ မြန်မာနိုင်ငံနှင့်ဆက်လက် လုပ်ဆောင်ခဲ့မှုတွေမှာ ဒါနှင့်ပတ်သက်ပြီးတော့မှ E-gat Governer အဖွဲ့ရဲ့ လာရောက်တိုင်းတာခြင်း ဆောင်ရွက်တာတွေကိုလည်း တွေ့ရပါတယ်။ E-gat Governer အဖွဲ့က ကျွန်တော်တို့နိုင်ငံကို ထိုင်းနိုင်ငံက လက်ဆောင်ပေးတဲ့ တာဘိုင်စက် ၂ လုံးကို

ရှာမလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ တည်ဆောက်တပ်ဆင်ပေးဖို့အတွက်ကို တာဝန်ယူတဲ့ Egat အဖွဲ့ ဖြစ်ပါတယ်။ ဒီအဖွဲ့တွေဟာ သူတို့ လေ့လာတွေ့ရှိရသလောက် သိက္ခာရှိသောအဖွဲ့အဖြစ်ကိုယ်တိုင် တွေ့ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းလေးမှာပဲ မြန်မာနိုင်ငံကို တာဘိုင်စက်တွေရောက်လာတဲ့အခါမှာ ASIA World ဆိပ်ကမ်းကို တာဘိုင်စက်တွေချနေတာကို သွားရောက်လေ့လာခဲ့ပါတယ်။ အဲ့ဒီလို လေ့လာတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံမှာ အဓိကကျတဲ့ Infrastructure တွေ လိုအပ်တဲ့အတွက် ကျွန်တော်တို့က အလကားရတဲ့ ပစ္စည်းကို US ဒေါ်လာ ၄၃ သန်းလောက်ကုန်ကျပြီးတော့မှ ဆိပ်ကမ်း ကနေ ရှာမလျှပ်စစ်စက်ရုံနီးနီးလေးပါပဲ။ ရန်ကုန်မြို့ထဲမှာပဲရှိတယ်။ ပထမကတော့ သီလဝါဆိပ်ကမ်း ကနေပို့မယ်။ အခုရောက်လာတာ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှာ Insument အထုတ်ပေါင်း ၅၉၀ ကျော်ချထားတာတွေ့ပြီးတော့ ကြည့်မြင်တိုင်ဆိပ်ကမ်းမှာ ရှာမကိုပို့မယ့် တာဘိုင်စက်ကြီးနဲ့ တာဘိုင် စက် ၂ လုံးနဲ့ ဂျင်နရေတာ ၂ လုံး၊ စက်လုံးကြီးတွေ တစ်လုံးကို ၂၁၀ တန်လေးပါတယ်။ အဲ့ဒီလို ၂၁၀ တန်လေးတဲ့ စက်ကိုတင်ချဖို့ စက်တွေ ကျွန်တော်တို့ဆီမှာမရှိပါဘူး။ အဲ့ဒီဝန်ချီစက်တွေနဲ့ သယ်သွားရ မယ့် အောက်ခံထော်လီတွေ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကကျတဲ့ Infrastructure တွေ ဖြစ်ပါတယ်။ အဲဒါတွေမရှိတဲ့အတွက် မလိုအပ်ဘဲနှင့် သန်းပေါင်း ၄၃ သန်းကို အဲ့ဒီစာရင်းတွေထဲမှာ ပါသွားတာတွေ့ရှိရပါတယ်။ အဲ့ဒီတော့ သယ်ပေးထားတဲ့အဖွဲ့တွေ၊ တာဝန်ယူတဲ့အဖွဲ့တွေရဲ့ စည်းစနစ် ကျစွာ နောက်ကလုပ်ကိုင် ဆောင်ရွက်မှုတွေကို အသေးစိတ်လေ့လာတွေ့ရှိခဲ့ပါတယ်။ ကျွန်တော် ကိုယ်တိုင် အဲ့ဒီသယ်လာတဲ့ သင်္ဘောကြီးရဲ့အပေါ်ထပ် ၅ ထပ်ပေါ်အထိ လိုက်ပြီးလေ့လာခဲ့ပါတယ်။ သူတို့ သယ်ထားပုံလုပ်တဲ့ပုံ တွေက ည ၁၁ နာရီနောက်ပိုင်းမှာမှ ရန်ကုန်မြို့ ပြည်လမ်းမပေါ်ကနေ ဖြတ်သွားရမှာဖြစ်တဲ့အတွက် ဒီစက်ကြီးတွေ သယ်တဲ့အခါမှာ အင်မတန်မှ ခဲယဉ်းတာရယ်၊ စက်တွေကို ထားပြီးတော့ ဒါတွေနှင့်ပတ်သက်ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ဖို့တွေကအစ အရေးကြီးတဲ့ကိစ္စတွေ ကို လေ့လာတွေ့ရှိခဲ့ပါတယ်။ ဒါကျွန်တော် တို့လွှတ်တော်မှာ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်ပြီး ဆွေးနွေး ခဲ့တဲ့ကိစ္စရပ်တစ်ခုကို လွှတ်တော်ကိုယ်စားလှယ်တွေလည်း မှတ်မိမယ်ထင်ပါတယ်။ အဲ့ဒီနေ့က ပြည်ထောင်စုလွှတ်တော်မှာ မီးပျက်ပြီးတော့ ပြည်သူ့လွှတ်တော်မှာလာဆွေးနွေးရတဲ့ကိစ္စပါ။ ကျွန်တော် တို့ ကန့်ကွက်ပြီးဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ သို့သော်ကျွန်တော်တို့တွေ့ရတဲ့အခါမှာ နိုင်ငံမှာ လိုအပ်ချက်တွေဖြစ်တဲ့ ကိုယ့်နိုင်ငံကို သူများနိုင်ငံက ပေးတဲ့ပစ္စည်းလေးကို သယ်ဖို့တောင်မှ မဆောင်ရွက်နိုင်ဘူး။ ပစ္စည်းလေးကို သင်္ဘောပေါ်ကချဖို့မဆောင်ရွက်နိုင်တဲ့ အနေအထားနဲ့ မေးရတာ

ဖြစ်ပါတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့ နိုင်ငံမှာ တကယ်အရေးကြီးတဲ့ Infrastructure တွေကို လျှပ်စစ်ဌာနမှာ လိုအပ်တယ်ဆိုတာတွေကို ကြားဖြတ်တင်ပြတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလျှပ်စစ်စီမံကိန်း တာဆန်းနဲ့ နိုင်ငံတော်နှင့်ဆောင်ရွက်ထားတဲ့ ကိစ္စတွေ တစ်ချိန်မှာရပ်တန့်သွားပါတယ်။ ရပ်တန့်သွားတဲ့ကိစ္စကတော့ Sanction ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံကို စီးပွားရေးပိတ်ဆို့တဲ့အခါမှာ အဓိက ကုမ္ပဏီတွေကိုပံ့ပိုးပေးတဲ့ ADB (ASIA Development Bank) နဲ့ World Bank တို့က ကူညီထောက်ပံ့မှုတွေ ဖြတ်လိုက်တာကို တွေ့ရပါတယ်။ အဲ့ဒါနှင့် ပတ်သက်ပြီးတော့ ဆောင်ရွက်မှုတွေ ရပ်တန့်သွားပြီး ဒီရေအားလျှပ်စစ်က အဓိက ၇၁၁၀ မဂ္ဂါဝပ်ရမယ်ဆိုရင် နိုင်ငံမှာ အကြီးဆုံးရေအားလျှပ်စစ်ဖြစ်တဲ့အပြင် အင်မတန်မှ အာရှမှာကြီးမားတဲ့ ရေအားလျှပ်စစ်စီမံကိန်းကြီးတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကနေ အခြားနိုင်ငံကို ထိုင်းနိုင်ငံကို ၁၅၀၀ အနေ အထားမှာ ကျွန်တော်တို့နိုင်ငံမှာ အများကြီးပိုနေပါတယ်။ ဒါမျိုးကတော့ ရှိသင့်တဲ့ရေအားလျှပ်စစ်လို့ ကျွန်တော့်အနေနဲ့ အဲ့ဒီလိုမြင်ပါတယ်။ သို့သော် စီမံကိန်းတစ်ခု ဆောင်ရွက်တဲ့အခါမှာ လိုအပ်တဲ့ ကြိုတင်ပဏာမဆောင်ရွက်ရမယ့် EIA, SIA စစ်တာနှင့်ပတ်သက်ပြီးတဲ့ကိစ္စတွေ ဒေသခံတွေရဲ့ ထိခိုက်ဆုံးရှုံးမှုကိုထည့်တွက်ရမှာ အဲ့ဒီဒေသခံတွေအနေနဲ့ ဘယ်လိုဆုံးရှုံးမှုမျိုးဖြစ်စေနိုင်သလဲဆိုတာတွေ၊ ရေလွှမ်းမိုးမှုဧရိယာတွေ တွက်ချက်ရမှာ ဖြစ်ပါတယ်။ ပြီးတော့ ဒေသခံတွေကို ဘယ်နေရာဒေသတွေကို ရွှေ့ပြောင်းနိုင်တဲ့နေရာတွေ၊ ဘယ်တော့လောက်ထိ ရွှေ့ပြောင်းသွားရမှာလည်းပြီးတော့ ရေအားလျှပ်စစ်လုပ်တဲ့အခါမှာ ဒီသံလွင်မြစ်ဆိုတာ တစ်ဖက်နိုင်ငံတွေနဲ့ နီးကပ်သွားတဲ့ ဒေသတွေရှိသလို ပြည်တွင်းထဲမှာ အများကြီးရောက်နေတဲ့နေရာတွေလည်း ရှိပါတယ်။ ဒီရေအားလျှပ်စစ်ကို ပိတ်လိုက်ခြင်းကြောင့်မို့လို့ တစ်ဖက်နိုင်ငံကို ရေတွေလွှမ်းမိုးသွားတာတွေ ကျော်သွားတာဆိုတဲ့ ကိစ္စမျိုးတွေလည်း မဖြစ်ဖို့လိုအပ်ပါလိမ့်မယ်။ အဲ့ဒီမှာ ရေအားလျှပ်စစ်နဲ့ပတ်သက်ပြီးတော့မှ ဆောင်ရွက်ထားတဲ့ တာဆန်းရပ်သွားတဲ့အချိန်မှာ နောက်ထပ်တာဆန်းရဲ့ အပေါ်ဘက် ၁၅ ကီလိုမီတာအကွာမှာ နောက်ထပ်တစ်ခု ဆောင်ရွက်နေတာတွေ့ရပါတယ်။ အဲ့ဒါဟာ တာဆန်းကတော့ MTH Company က ထိုင်းအခြေစိုက်ဖြစ်တယ်။ နောက်တစ်ခုက China Company နဲ့ သိရတာတော့ မြန်မာကုမ္ပဏီတစ်ခုလည်း ပူးပေါင်းပါဝင်တယ်လို့ သိရပါတယ်။ အဲ့ဒီတာဆန်းရဲ့အပေါ်ဘက် ၁၀ မိုင်လောက်မှာ ဆောင်ရွက်ထားတယ်ဆိုတာ ဆောင်ရွက်နေတယ်လို့ ကြားသိရပါတယ်။ တာဆန်းတံတားအထက်အထိ ၁၅ ကီလိုမီတာအကွာ မိုင်းတုံမြို့နယ်ထဲမှာ ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်နှင့် တော်တော်နီးစပ်ပါတယ်။ အဲ့ဒီတော့ မြစ်ရိုးတစ်လျှောက်မှာ အထက်ပိုင်းမှာ Upper သံလွင်ဆိုပြီးတော့ အဲ့ဒီမှာက

ကွမ်းလုံမှာ တစ်ခုရှိပါတယ်။ နောက် ကွမ်းလုံရဲ့ အောက်နားလေးမှာပဲ မိုင်းလုံး တစ်ခုက ကွမ်းလုံမှာ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၄၀၀ မဂ္ဂါဝပ်နှင့်ပတ်သက်ပြီးတော့မှ စာချုပ်ချုပ်ဆိုခဲ့တာတွေ့ပါတယ်။ အဲ့ဒီမှာ China and Myanmar ကုမ္ပဏီတစ်ခုပါပါတယ်။ မိုင်းလုံးမှာ နိုဝင်ဘာ ၂၀၁၀ မှာ ၁၄၀၀ မဂ္ဂါဝပ် ဒါ Same Faming လုပ်ခဲ့တာတွေ့ပါတယ်။ အဲဒါတွေက လှုပ်ရှားနေသလားဆိုတာ လှုပ်ရှားမှု မတွေ့ရပါဘူး။ သို့သော် ဒါတွေက ချုပ်ဆိုထားတာဖြစ်တဲ့အတွက် ဆက်ပြီးတော့ ဘယ်လိုရှိနေမလဲလို့ သိနေရပါတယ်။ နောက်တစ်ခု အောက်ဘက်မှာ တာဆန်း Lower သံလွင်အဖြစ် ရွာသစ်ဆိုတဲ့ တစ်ခုက ကယားပြည်နယ်မှာ ရှိနေပါတယ်။ China Company ဖြစ်ပါတယ်။ နောက် အဲ့ဒီအောက်မှာ ဝဲကြီး ဆိုတာတစ်ခုရှိပါတယ်။ အဲ့ဒါက ကရင်ပြည်နယ်ထဲမှာ ဖြစ်ပါတယ်။ တစ်ကွင်းဆိုတာလည်း ကရင်ပြည်နယ်ထဲမှာရှိပါတယ်။ နောက်တစ်ခုကတော့ ဟတ်ကြီးကတော့ ကရင်ပြည်နယ်ထဲမှာ ရှိပြီး တော့ သူတို့ကတော့ ထိုင်းဘော်ဒါလိုင်းနှင့်အနီးကပ်ဆုံးနေရာတစ်ခုဖြစ်တဲ့အတွက် သူ့မှာ မဂ္ဂါဝပ် ၁၃၆၀ ထုတ်လုပ်နိုင်မယ်လို့ ပြောထားပေမယ့် တစ်ဖက်နိုင်ငံမှာ ရေလွှမ်းမိုးနိုင်မယ့် ကိစ္စရှိတယ်လို့ သိရပါတယ်။ အဲ့ဒီတော့ ဒီဟာတွေနှင့်ပတ်သက်ပြီးတော့ အဆုံးသတ်ဆောင်ရွက်ချက်တွေ မရှိသေးဘဲ နှင့် ဒီရွာသစ်ဆိုရင် နယ်မြေမအေးချမ်းဘူးဆိုတဲ့အကြောင်းပြချက်နဲ့ ရပ်နားထားတယ်လို့ သိရပြီးတော့ ဒါတွေဆောင်ရွက်ခဲ့မယ်ဆိုရင် သံလွင်မြစ်မှာ ဒီအတိုင်းတွေ့ရဖို့ မွစာတက်နေအောင်တွေ့နေရပါတယ်။ အဲ့ဒီအသေးစားလျှပ်စစ်ပုံစံမျိုးလေးတွေ တွေ့ရပါတယ်။ ၁၃၆၀ မဂ္ဂါဝပ်၊ ၁၄၀၀ မဂ္ဂါဝပ်၊ စောစောက တာဆန်းကတော့ အကြီးဆုံးဖြစ်ပြီးတော့ တာဆန်းအထက် ၁၅ ကီလိုအကွာမှာ လာရောက်တဲ့ အလုပ်တစ်ခုလုပ်မယ်လို့ သတင်းရရှိတဲ့အခါ ၇၀၀၀ မဂ္ဂါဝပ်လောက်တာဆန်းပုံစံမျိုး လာလုပ်တာ တွေ့ရပါတယ်။ တာဆန်း Hydro power Project ကို MTH လုပ်ပုံလုပ်နည်းနဲ့ ကွာခြားကောင်း ကွာခြားပါမယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ကြီးမားတဲ့ Project တစ်ခုလုပ်ပြီဆိုရင် တစ်နိုင်ငံလုံးရဲ့ အရေးဖြစ်သလို ကျွန်တော်တို့လွှတ်တော်ရဲ့အရေး၊ လွှတ်တော်ရဲ့ အခန်းကဏ္ဍက အရေးကြီးတဲ့ အခန်းကဏ္ဍကပါဝင်လာပြီဆိုတာ သိရမှာပါ။ လွှတ်တော်အနေနဲ့ အသေးစိတ်သိဖို့လိုအပ်သလို ဒါနှင့် ပတ်သက်ပြီးဆောင်ရွက်တဲ့နေရာမှာ အကျိုးအမြတ်၊ အထိအခိုက်ရှိမှု၊ မရှိမှု ဒါတွေလည်း အများကြီး တွေ့ရမှာပါ။ အရင်ခေတ်က ဆောင်ရွက်ခဲ့တာမှန်သော်လည်းပဲ ယခုလက်ရှိအခြေအနေမှာ လွှတ်တော် ကြီးအနေနဲ့လည်း သိဖို့လိုအပ်သလို၊ ပြည်သူလူထုအနေနဲ့လည်း သိဖို့လိုအပ်ပါတယ်။ အဲ့ဒီအတွက် ဒီမေးခွန်းကို မေးခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းအနေနဲ့ သံလွင်မြစ်ပေါ်တွင် ရေအား လျှပ်စစ်စီမံကိန်းတည်ဆောက်မည်ဟူသောကိစ္စများ မှန်ပါသလား။ ရေကာတာမှ ရေပိုလွှဲရေများကို

တစ်ဖက်နိုင်ငံသို့ ပို့လွှတ်မည်ဆိုသည်မှာ မှန်ပါသလား။ မှန်ပါက ထိုကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတော်တွင် အကျိုးအမြတ်နှင့် အဆုံးအရှုံးဖြစ်ပေါ်မှုနှိုင်းယှဉ်ချက်ကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ထပ်လောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်မောင်ရည်မှ မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရေအားလျှပ်စစ်စီမံကိန်း များအား ဝန်ကြီးဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှုဖြင့် B.O.T စနစ်အခြေခံဖြင့်လည်းကောင်း၊ နိုင်ငံခြားကုမ္ပဏီများရဲ့ ရင်းနှီးမြှုပ်နှံမှုဖြင့် J.V/B.O.T စနစ် အခြေခံဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ သံလွင်မြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်း ၆ ခုအား J.V/B.O.T စနစ်အခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက် သွားရန်ရှိပါတယ်။ သံလွင်မြစ်ရဲ့အဖျားပိုင်းကနေစပြီးတော့ တစ်ခုစီတင်ပြရှင်းလင်းမှာဖြစ်ပါတယ်။ ပထမဆုံးတစ်ခု အထက်သံလွင် (ကွမ်းလုံ) ၁၄၀၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ အထက်သံလွင် (ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာအထက်ဘက် ၄.၃ မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hanergy Holding Group Ltd. နှင့် တိုင်းရင်းသားကုမ္ပဏီ Goldwater Resources Ltd. တို့မှ အကောင်အထည်ဖော်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ Memorandum of Understanding-MOU အား ၅-၄-၂၀၀၇ နေ့မှာလည်းကောင်း Memorandum of Agreement-MOA အား ၂၄-၂-၂၀၁၀ ရက်နေ့မှာလည်းကောင်း လက်မှတ် ရေးထိုးထားခဲ့ကြပြီးဖြစ်ပါတယ်။ စီမံကိန်းဆိုင်ရာ Feasibility Study Report-FSR အားတင်ပြခဲ့ရာ ဝန်ကြီးဌာနမှ FSR စိစစ်ရေးကော်မတီမှလည်း စိစစ်လျက်ရှိပါတယ်။ Environmental Impact Assessment-EIA/Social Impact Assessment-EIA/SIA Report များအားလည်း ပတ်ဝန်းကျင်

ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကို တင်ပြခဲ့ရာမှာ ၂၀-၇-၂၀၁၂ ရက်နေ့မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ အဆိုပါအစီရင်ခံစာများနှင့်ပတ်သက်ပြီး အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားခဲ့ပါတယ်။ သဘောထားမှတ်ချက်များကတော့ (က) အစီရင်ခံစာများအရ စီမံကိန်းလုပ်ငန်း ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုများ အနည်းဆုံးဖြစ်စေရေး အတွက် အထက်သံလွင်(ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများဆောင်ရွက်ရာမှာ ပြည်ထောင်စု အစိုးရနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရရဲ့ လိုအပ်တဲ့ ကြီးကြပ်လမ်းညွှန်မှု စစ်ဆေးကြပ်မတ်မှုတို့ကို ခံယူဆောင်ရွက်ခြင်း၊ (ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်မှ ပြဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ ဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊ (ဂ) စီမံကိန်း အပေါ်ဒေသခံပြည်သူတို့၏ သဘောဆန္ဒများရယူ၍ နားလည်လက်ခံမှု၊ ပူးပေါင်းပါဝင်မှုများဖြင့် စီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် ဒေသခံပြည်သူတို့၏ သဘောဆန္ဒနှင့် အညီပြောင်းရွှေ့နေရာ ချထားခြင်း၊ (ဃ) အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် စီမံကိန်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရန် စောင့်ကြည့်လေ့လာမည့်အစီအစဉ်များ၊ စီမံကိန်းလုပ်ငန်းအတွင်းဆောင်ရွက်မည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ၊ ဆောင်ရွက်မည့်အဖွဲ့များနှင့် လုပ်ငန်းတာဝန်များ၊ သုံးစွဲမည့် ကုန်ကျစရိတ်လျာထားချက်များကို တစ်စုတစ်စည်းတည်း ပြည်လည်စုစည်းတင်ပြစေပြီး တိကျစွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် ကြီးကြပ်ခြင်းတို့ဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ကုမ္ပဏီများအနေဖြင့်လည်း Propose Plan တင်ပြလာပြီလည်းဖြစ်ပါတယ်။ ဒုတိယ စီမံကိန်းတစ်ခု ဖြစ်ပါတယ်။ နောင်ဖ ၁၀၀၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပါတယ်။ နောင်ဖရေအားလျှပ်စစ် စီမံကိန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရဲ့ အရှေ့ဘက် တန့်ယန်းမြို့နယ် တာဆန်းလျှို ကျေးရွာအနီးမှာ တည်ရှိပါတယ်။ တတိယစီမံကိန်းတစ်ခု မန်တောင် ၂၀၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ မန်တောင်ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၏အရှေ့ဘက် မိုင်းမော မြို့နယ် မန်တောင်ရွာအနီးမှာ တည်ရှိပါတယ်။ အဲဒီ နောင်ဖနှင့် မန်တောင် စီမံကိန်း ၂ ခုဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hydrochina Corporation နှင့် တိုင်းရင်းသားကုမ္ပဏီ International Group of Entrepreneurs Co., Ltd. တို့မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

MOU အား ၂၀-၁၂-၂၀၀၉ နေ့မှာ လက်မှတ်ရေးထိုးခဲ့ပြီး စီမံကိန်းဆိုင်ရာ FSR အားတင်ပြခဲ့ရာမှာ ဝန်ကြီးဌာနအနေနဲ့ FSR စိစစ်ရေးကော်မတီမှ စိစစ်လျက်ရှိပါတယ်။

စတုတ္ထစီမံကိန်းဖြစ်တဲ့ အထက်သံလွင် (မိုင်းတုံ) ၇၁၁၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ အထက်သံလွင် (မိုင်းတုံ) ရေအားလျှပ်စစ်စီမံကိန်းဟာ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့ရဲ့အရှေ့ဘက် ၁၉၅ မိုင်ခန့်အကွာ မိုင်းပန်မြို့နယ်နှင့် မိုင်းတုံမြို့နယ်အကြားမှာ တည်ရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ China Three Gorges Corporation (CTGC)၊ ထိုင်းနိုင်ငံ EGAT International (EGATI) နှင့် တိုင်းရင်းသားကုမ္ပဏီတစ်ခုဖြစ်တဲ့ International Group of Entrepreneurs Co., Ltd. (IGOEC) တို့မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ MOU အား ၁၀-၁၁-၂၀၁၀ နေ့မှာ လက်မှတ်ရေးထိုးခဲ့ပြီး စီမံကိန်းဆိုင်ရာ FSR (Draft)အားတင်ပြခဲ့ရာမှာ ဝန်ကြီးဌာနနှင့် FSR စိစစ်ရေးကော်မတီမှ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

ပဉ္စမမြောက် ရွာသစ်ရေအားလျှပ်စစ်စီမံကိန်း ၄၀၀၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ ရွာသစ်ရေအားလျှပ်စစ်စီမံကိန်းသည် ကယားပြည်နယ် ဘောလခဲမြို့၏ အရှေ့ဘက် ၁၄ မိုင်ခန့်အကွာ ရွာသစ်ကျေးရွာအနီးမှာ တည်ရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ China Datang Overseas Investment Co., Ltd.(CDOI) တိုင်းရင်းသားကုမ္ပဏီ Shwe Taung Hydropower Co., Ltd. တို့မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ MOU အား ၇-၁-၂၀၁၀ နေ့မှာလည်းကောင်း၊ MOA အား ၁၈-၁-၂၀၁၁ ရက်နေ့တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး စီမံကိန်းဆိုင်ရာ FSR တင်ပြလာရာမှာ ဝန်ကြီးဌာနအနေနဲ့ FSR စိစစ်ရေးကော်မတီမှ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

ဆဋ္ဌမမြောက် ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း ၁၃၆၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းဟာ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း သံလွင်မြစ်နှင့် သောင်ရင်းမြစ်ဆုံရဲ့ အောက်ဘက် ၂၉ မိုင်အကွာရှိ ကမမောင်းမြို့အနီးမှာ တည်ရှိပါတယ်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ Sinohydro Corporation၊ ထိုင်းနိုင်ငံ EGAT International (EGATI) နှင့် တိုင်းရင်းသားကုမ္ပဏီတစ်ခုဖြစ်တဲ့ International Group of Entrepreneurs Co., Ltd. (IGOEC) တို့မှအကောင်အထည်ဖော်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ MOU အား ၃၀-၅-၂၀၀၅ နေ့မှာ လည်းကောင်း၊ MOA အား ၂၄-၄-၂၀၁၀ နေ့မှာလည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီးတော့ EIA Report အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနကို တင်ပြပြီး သဘောထားမှတ်ချက် တောင်းခံထားဆဲ

ဖြစ်ပါတယ်။ စီမံကိန်းဆိုင်ရာ FSR အား တင်ပြလာရာမှာ ဝန်ကြီးဌာန FSR စိစစ်ရေးကော်မတီမှ လက်ရှိစူးစမ်းလေ့လာမှုရလဒ်များနှင့်အညီ ပြန်လည်စိစစ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမစီမံကိန်းဖြစ်သော အထက်သံလွင် (ကွမ်းလုံ)နှင့် အောက်ဆုံးဆဋ္ဌမစီမံကိန်းဖြစ်သော ဟတ်ကြီးစီမံကိန်းတို့သည် EIA/SIA Report များဆောင်ရွက်ထားရှိပြီး ကျန်စီမံကိန်းများ EIA/SIA လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်တဲ့အတိုင်း FSR ပြုစုပြီး စိစစ်ဆောင်ရွက်ဆဲနှင့် EIA/SIA များဆောင်ရွက်ရန် စီစဉ်ဆဲအခြေအနေများဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် Joint Venture Agreement (JVA) အဆင့်ရောက်ရှိခြင်းမရှိသေးပါကြောင်း သံလွင်မြစ်ပေါ်ရှိရေအားလျှပ်စစ်စီမံကိန်းများနှင့်ပတ်သက်ပြီး မေးခွန်းအမှတ်(၁)အတွက် ရှင်းလင်းဖြေကြားအပ်ပါတယ်။ မေးခွန်းအမှတ်(၂)အတွက် အဆိုပါစီမံကိန်းများသည် ရေအားလျှပ်စစ်ထုတ်ယူရန်အတွက်သာ အကောင်အထည်ဖော်တည်ဆောက်မည့် စီမံကိန်းများဖြစ်ပြီး ရေပိုလွှဲမှုရေများကို တစ်ဖက်နိုင်ငံသို့ ပို့လွှတ်မည်ဆိုသည်မှာ မှန်ကန်မှုမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**မြေပုံမြို့နယ် ငမန်းရဲကျွန်း အစိုးရတာအား နိုင်ငံတော်က ဆည်ဖို့ပေးခြင်းရည်ရွယ်ချက်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ကြွရောက်လာကြပါသော လူကြီးမင်းများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ် မြေပုံမြို့နယ်မှာရှိတဲ့ ငမန်းရဲကျွန်းအစိုးရတာတမံနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးသွားမှာဖြစ်ပါတယ်။ မြေပုံမြို့နယ်မှာရှိတဲ့ ငမန်းရဲကျွန်းအစိုးရတာဟာ ပတ်လည်အားဖြင့် ၃၆ မိုင်ရှည်လျားပြီးတော့ လယ်မြေအကျိုးပြုဧကအနေနဲ့ ၁၂၀၃၆ ဧက ရှိပါတယ်။ လယ်သမားမိသားစု ၈၀၀ ကျော်ဘဝရပ်တည်ရေးအတွက် အားကိုးအားထားပြုနေရတဲ့ ကျွန်းကြီးတစ်ကျွန်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ မြေပုံမြို့နယ်ရဲ့ အဓိကစပါးစိုက်တဲ့ ကျွန်းကြီးတစ်ကျွန်းဖြစ်ပါတယ်။ အဲ့ဒီကျွန်းကြီးဟာ ၂၀၀၄၊ ၂၀၁၀ မုန်တိုင်းတွေမှာ မုန်တိုင်းဒဏ်တွေကြောင့် ပျက်စီးသွားပြီးတော့ တစ်ဖက်က နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဆည်ဖို့ပါ

တယ်။ တစ်ဖက်က ပြည်သူတွေကလည်း မိမိတတ်နိုင်သလောက် လုပ်အားနဲ့ ဆည်ဖို့ကြပါတယ်။ အဲဒီအချိန်မှာ မနိုင်မနင်းတဲ့နေရာတွေမှာ အထူးသဖြင့် ဒီအစိုးရတာ တာပေါင်ရိုးနှင့် ကပ်ပြီးတော့နေတဲ့ နေရာတွေမှာ ပုစွန်ကွင်းလုပ်ငန်းရှင်တွေက အဲဒီနေရာတွေကို နည်းအမျိုးမျိုးနဲ့ရယူပြီးတော့ ပုစွန်ကွင်းတွေတည်ဆောက်ကြပါတယ်။ ပုစွန်ကွင်းရဲ့သဘောသဘာဝက အပြင်က ဒီရေထလာတဲ့ အခါမှာ ဒီရေတွေကိုသွင်းပါတယ်။ ပြီးတော့ ပြန်ထုတ်ပါတယ်။ အဲဒီလိုနဲ့ပုစွန်မွေးရပါတယ်။ သဘာဝသားပေါက်သွင်းတဲ့စနစ်ဖြစ်ပါတယ်။ အဲဒီလို ရေသွင်းရေထုတ်လိုက်ခြင်းအားဖြင့် တံခါးတွေ အများကြီးတပ်ရပါတယ်။ ပြီးတော့ ရေသွင်းတဲ့ရေထုတ်တဲ့အလုပ်ကို နေ့စဉ်လုပ်နေရလို့ ရေတံခါး တစ်ခု၊ ချောင်းတစ်ချောင်း အဲဒီလိုကြာလာရင် ကွင်းတစ်ခုလုံးလည်း ပျက်စီးသွားတတ်ပါတယ်။ အဲဒီလို ပျက်စီးသွားတဲ့ ကွင်းပေါင်းလည်း မနည်းတော့ပါဘူး။ အခုပြောနေရတာက နိုင်ငံတော်က အကုန် အကျခံတည်ဆောက်ပေးထားတဲ့ ကွင်းမို့လို့ ပြောနေရတာပါ။ ပုဂ္ဂလိကကွင်းပေါင်း မြောက်မြားစွာ လည်း အဲဒီလို ပြဿနာမျိုး ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ရှိနေပါတယ်။ ၂၀၀၄ ခုနှစ် မုန်တိုင်း နောက်ပိုင်းမှာ အဲဒီလိုဖြစ်တဲ့အချိန်အခါကို အခွင့်ကောင်းယူပြီးတော့ ရေတံခါးတွေတပ်ပြီးတော့ တာပေါင်ရိုးနှင့်ကပ်နေတဲ့ကွင်းတွေမှာ ပုစွန်မွေးကြပါတယ်။ အဲဒီလို ပုစွန်မွေးခြင်းကြောင့် ရေငန်သွင်း တဲ့အခါမှာ ဆည်ထဲမှာရှိတဲ့ ကွင်းရဲ့တစ်ဖက်လယ်ကွင်းတွေက ရေငန်ဝင်ပြီးတော့ အကုန်လုံး ပျက်စီးရပါတယ်။ ရေအောက်ကို ရောက်သွားပါတယ်။ စပါးခင်းတွေ ပျက်စီးပါတယ်။ အတွင်းမှာ ရေငန်တွေဝင်လာတဲ့အတွက် အဲဒီရေကိုမှီခိုနေရတဲ့ ကျွဲ၊ နွား တိရစ္ဆာန်တွေအဖို့ သောက်ရေ မရဖြစ်ပါ တယ်။ တချို့ရွာတွေဆိုရင် လမ်းတွေအထိ ရေမြုပ်ပါတယ်။ ကန်တွေမှာ ရေငန်ဝင်နေတဲ့အတွက် ရေငန်တက်ပြီးတော့ သောက်ရေကန်တွေပျက်စီးပါတယ်။ အဲဒီလို အမျိုးမျိုးအဘက်ဘက်က ပြဿနာ တွေအများကြီးရှိပါတယ်။ လယ်သမားတွေလည်း နှစ်စဉ်နှစ်တိုင်းပဲ အဲဒီလို ဒုက္ခမျိုးခံနေရပါတယ်။ ရွာတစ်ရွာက ရွာလူကြီးတစ်ယောက်ပြောတာက သူတို့ရွာမှာ အဲဒီလို ပုစွန်ကွင်းက ရေသွင်းထားလို့ သင်္ချိုင်းမှာ အသုဘသင်္ဂြိုလ်တာကို ရပ်တန့်ထားရတယ်ဆိုတဲ့အထိပြောပြပါတယ်။ အဲဒီလို ဆိုးကျိုးမျိုး နဲ့ဖြစ်ပါတယ်။ အဲဒီတာတွေဟာ တစ်ကျွန်းလုံးကိုပတ်ပြီးတော့ တည်ဆောက်ထားရတဲ့တာ ဖြစ်ပါတယ်။ အဲဒီတာမရှိရင် အဲဒီရွာတွေလည်း မရှိပါဘူး။ အကုန်လုံးရေအောက်ကို ရောက်သွားတဲ့ အတိုင်းအတာ ရှိပါတယ်။ ဒါကြောင့် ဒီတာဟာ လယ်သမားတွေအဖို့ အသက်တမျှ လောက်အရေးကြီးပါတယ်။ အဲ့ဒီလို အခြေအနေမှာ လုပ်ငန်းရှင်တွေက ကျွန်တော်တို့ နိုင်ငံတော်က အပြီးအပြတ် တစ်နှစ်တည်းနဲ့ မဆည်ဖို့ နိုင်တာကို အခွင့်ကောင်းယူပြီးတော့ လုပ်ကြတယ်။ အဲဒီတော့ ကွင်းတွေမှာ ပုစွန်ကွင်း ၁၀ ကျော်

လောက်ရှိတယ်။ အဲဒီအပိုင်းမှာ ရေတံခါးက ၆၀ လောက်ရှိတယ်။ အဲဒီနေရာကို ဒီနေ့ နိုင်ငံတော်က အပိုင်းလိုက်ဆည်ဖို့ပေးပါတယ်။ ၁၉၇၇-၁၉၇၈ ခုနှစ်ကတည်းက နိုင်ငံတော်က အဲဒီတာတမံကို ထိန်းသိမ်းတာ၊ စောင့်ရှောက်တာ၊ ပြုပြင်တာ၊ မွမ်းမံတာတွေလုပ်ပေးလာပါတယ်။ မနှစ်ကလည်း လုပ်ပေးတယ်။ ဒီနှစ်လျှာထားချက်အပိုင်း ဝါးကောက်ကြီးကျေးရွာနှင့် အတွင်းငခူချောင်းကျေးရွာ ကြားမှာရှိတဲ့ အပိုင်းကိုဆည်ဖို့တဲ့အခါမှာ အဲဒီအပိုင်းကြားမှာ လယ်ကွင်းနဲ့ ကပ်လျက် ပုစွန်ကွင်း တွေရှိပါတယ်။ အဲဒီပုစွန်ကွင်းက ရေတံခါးက အလုံး ၆၀ လောက်ရှိပါတယ်။ အဲဒီနေရာကို လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်ကသွားပြီးတော့ ပိတ်တဲ့အခါမှာ သူတို့က အပိတ်မခံဘူး။ အနှောင့်အယှက်အမျိုးမျိုးပေးတယ်။ လူအင်အားပြပြီးတော့ ခြိမ်းခြောက်တယ်။ ပြည်နယ်မှာ ခွင့်ပြုချက်ရထားပြီးပြီ။ အဲဒီခွင့်ပြုချက်ရထားပြီးတာမို့လို့ မပိတ်နဲ့ အဲ့ဒါမျိုးတားပါတယ်။ အဲဒါ ၂ လကျော် အခုဆိုရင် ဒီမေးခွန်းမေးတဲ့အချိန်မှာဆိုရင် ၃ လကျော်လာပါပြီ။ အဲဒီ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဲဒီအပိုင်း ဆည်ဖို့ခြင်းကို ရပ်တန့်ထားရပါတယ်။ အဲဒီလို ရပ်တန့်ထားတဲ့အတွက် ကျွန်တော်တို့ လယ်သမားတွေမှာ အချိန်နှင့်တစ်ပြေးညီ အဲဒီ တာတမံတွေ မပြီးပြတ်ရင် ဒုက္ခအများကြီး ရောက်မှာဖြစ်ပါတယ်။ အဲဒီတာတမံရဲ့ ကြံ့ခိုင်မှုဟာလည်း မိုးကျလာရင် အကုန်လုံးပျက်စီးသွားနိုင်ပါတယ်။ ဒီလယ်သမားတွေ အယောက် ၈၀၀ ကျော် မိသားစု ၈၀၀ ကျော် လောက် စီးပွားရေးလုပ်ငန်းရှင် ၁၀ ဦးကြောင့် ဒီလူတွေဒုက္ခရောက်တယ်ဆိုတာ မဖြစ်သင့်ဘူး။ တစ်ဖက်က ဆည်မြောင်းဌာနရဲ့ ဥပဒေကိုလည်း ချိုးဖောက်နေတယ်။ ဆည်မြောင်းဌာနရဲ့ ဒီတာတမံကို ဆည်ပေးတာဟာ ရေငန်မဝင်အောင်တားပေးခြင်းဖြစ်တယ်။ လယ်သမားအတွက် ဖြစ်ပါတယ်။ အခုဟာက လယ်ယာမြေဥပဒေကိုလည်း ချိုးဖောက်နေပါတယ်။ လယ်ယာမြေကို အခြားနည်းနဲ့ အသုံးမပြုရဆိုတဲ့ဥပဒေလည်း ရှိပြီးသားဖြစ်တယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရဲ့ ဝန်ထမ်းတွေကိုလည်း နှောင့်ယှက်တယ်။ ဒါပေမယ့် တရားစွဲတော့ အဲဒီလို တရားစွဲဖို့အခြေအနေကို ရောက်မလာဘူး။ ပြည်နယ်က တာဝန်ရှိတဲ့ပုဂ္ဂိုလ် တစ်ယောက်ကတားထားတယ်။ ဒါတွေကို မဆည်ဖို့ ပါနဲ့ နောက်ပိုင်းမှာတော့ ဆယ်ပါ။ ဒါပေမယ့် ရေတံခါးတွေကိုတော့ မပိတ်ပါနဲ့ဆိုပြီးတော့ စာထုတ်ပါ တယ်။ အဲဒီလိုအခြေအနေမျိုးဖြစ်နေရင်တော့ ကျွန်တော်တို့ မြေပုံမြို့နယ်တစ်မြို့ရဲ့ ဒီငမန်းရဲကျွန်းတာ ကို စံပြနမူနာအဖြစ်တင်ပြတာပါ။ ကျွန်တော်တို့ ရခိုင်ပြည်နယ်လုံးမှာဖြစ်နေတဲ့ ပြဿနာ။ ပေါက်တော၊ မင်းပြားမြို့နယ်ကလည်း ကျွန်တော့်ကို ဖုန်းဆက်ပြီး အကြောင်းကြားပါတယ်။ အစိုးရတာတမံတွေ ဆည်ဖို့ရာမှာ လုပ်ငန်းရှင်တွေက နှောင့်ယှက်နေလို့ ကျွန်တော်တို့ ဒုက္ခရောက်နေပါတယ်ဆိုတဲ့

အကြောင်း အမြဲတမ်းအကြောင်းကြားတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာက ဒီလို ရေငန်တား တာတမံတွေကို အားကိုးပြီးတော့ စိုက်ပျိုးနေရတဲ့အခြေအနေကြောင့် စီးပွားရေးလုပ်ငန်းရှင်နဲ့ လယ်သမားတွေနဲ့ ဝိရောဓိဖြစ်လာတယ်။ ဒါကို ဖြေရှင်းပေးမယ့်လူမရှိဘူး။ ဖြေရှင်းပေးမယ့်လူက ဥပဒေကိုဖောက်ဖျက်ပြီးတော့ လုပ်ငန်းရှင်ဘက်က ဝင်ပြီးကာတယ်။ အဲ့ဒီအပြင် ပုဂ္ဂလိကကွင်းတွေမှာ ဒီလယ်ကွင်းနဲ့ ပုစွန်ကွင်းပြဿနာတွေ အများကြီးရှိသေးတယ်။ တစ်ဖက်ကပုစွန်ကွင်းလုပ်တယ်။ တစ်ဖက်က လယ်ယာမြေတွေ ပျက်စီးတယ်။ တိုင်တယ်။ အဖြေမရဘူး။ ဌာနဆိုင်ရာကတော့ ဒါတွေ မဖြေရှင်းပေးနိုင်ဘူး။ ကျွန်တော်တို့ ဥပဒေတွေကို တစ်ဖက်ကနစ်နာအောင်၊ တစ်ဖက်ကအကျိုးရှိရင် တစ်ဖက်ကနစ်နာမယ်။ အဲ့ဒီအပေါ်မှာ ကျွန်တော်တို့က ဖြေရှင်းလို့ရတာမဟုတ်ဘူး။ ပြည်နယ်အတွက် ဘယ်လောက်ဝင်ငွေရှိမယ်။ ပုစွန်ကတော့ ဝင်ငွေရှိတယ်။ စပါးကတော့ သုံးစားမယ့်သူတောင် မရှိဘူး။ ဆင်းရဲတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ ဖြေရှင်းလို့လည်းမရဘူး။ ကျွန်တော်တို့ ဖြေရှင်းရမှာက တည်ဆဲဥပဒေကို လိုက်နာပြီးဖြေရှင်းရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ကိုယ့်ပြည်သူကိုယ့်မဲဆန္ဒနယ်ရှင် ပြည်သူ အတွက် တစ်ဖက်ကိုမှ မနစ်နာစေချင်ပါဘူး။ ဒါပေမယ့် ဖြေရှင်းရမယ့် ပြဿနာတွေက သေးရာက အကြီးကြီးဖြစ်လာမှာစိုးလို့ ကျွန်တော်တို့က ဒါကိုဝင်ပြီးတော့ လွှတ်တော်ဆီမေးခွန်းမေးရခြင်း ဖြစ်ပါ တယ်။ ဒီတော့ ကျွန်တော် အများကြီးကြိုးစားကြည့်ပါတယ်။ မရပါဘူး။ ညှိနှိုင်းဖို့လည်း ကြိုးစားဖူး ပါတယ်။ မရပါဘူး။ တစ်ဖက်ကလည်း ကျွန်တော့်ကို ဒေါသနှင့် တုံ့ပြန်လာတာတွေရှိပါတယ်။ ဒီတော့ ကျွန်တော်က လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို လွှတ်တော်မှာတင်ပြီးတော့ မေးခွန်းမေးခြင်းအားဖြင့် ဒါအဖြေရတန်ကောင်းရဲ့ ဆိုပြီးတော့ ကျွန်တော်လွှတ်တော်အထိ ဒီမေးခွန်းရောက်လာခြင်း ဖြစ်ပါ တယ်။ ဒီမေးခွန်းဟာ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ လယ်သမားတွေအတွက် အတော့်ကိုအရေးကြီး ပါတယ်။ အခုလည်းပဲ ကျွန်တော်တို့ လွှတ်တော်က ဝန်ကြီးဖြေမယ့်အဖြေကို လယ်သမားတွေက စောင့်မျှော်နားထောင်ဖို့ အများကြီး စိတ်ဝင်စားအားသန်နေကြပါတယ်။ သူတို့အတွက် ကယ်တင်မယ့် လွှတ်မိန့်ဖြစ်မလား။ သူတို့ဘဝတစ်ခုလုံးကို သေအောင်သတ်မယ့် သတ်မိန့်ဖြစ်ပါမလားဆိုတာကို ပြည်သူတွေအများကြီး စိတ်ဝင်စားနားထောင်နေကြပါတယ်။ ဒီအဖြေမှာ ကျွန်တော်တို့ လယ်သမား တွေဘက်က အားနည်းချက်ရှိသွားမယ်ဆိုရင်တော့ ဒီငမန်းရဲကျွန်းတာတမံကို နမူနာလုပ်ပြီးတော့ တခြားကျွန်းတွေလည်း အများကြီးပျက်စီးသွားဖို့အလားအလာရှိပါတယ်။ ဒီတော့ ပြည်နယ်အစိုးရက အဲ့ဒီလို တည်ဆဲဥပဒေတစ်ရပ်ကို လျစ်လျူရှုပြီးတော့ အဲဒီလိုလုပ်မယ်ဆိုရင်လည်း ပြည်နယ်အစိုးရမှာ ဥပဒေပြုလို့ရပါတယ်။ ဒါကတော့ ပြည်ထောင်စုအစိုးရရဲ့ ဥပဒေတွေဖြစ်ပါတယ်။ အဲ့ဒီလို လုပ်ချင်ရင်

ဥပဒေပြုပါ။ ဒါပေမယ့် ဥပဒေဆိုတာ နိုင်ငံတော်က ပြဋ္ဌာန်းတဲ့ဥပဒေတွေကိုတော့ ပြည်နယ်အစိုးရက ပြုပြင်နိုင်မယ်လို့ ကျွန်တော်က မထင်ပါဘူး။ ဒါကြောင့် လက်ရှိအခြေအနေအရပဲ ကျွန်တော်တို့က ပြည်ထောင်စုက ပြဋ္ဌာန်းထားတဲ့ဥပဒေ ဝန်ကြီးဌာနကပြဋ္ဌာန်းထားတဲ့ဥပဒေကို ချိုးဖောက်ပြီး ဒီလိုဖြစ်နေတဲ့အတွက်နဲ့ ဒီလိုပြဿနာတွေကို ဝန်ကြီးဌာနမှာဖြေရှင်းဖို့ တာဝန်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနကို ကျွန်တော်မေးမြန်းလိုတာကတော့ (၁) ငမန်းရဲကျွန်းအစိုးရတာတမံအား နိုင်ငံတော်က ဆည်ဖို့ပေးခြင်း ရည်ရွယ်ချက်မှာ စပါးစိုက်ပျိုးရန်အတွက် ဖြစ်သည်ဆိုလျှင်မှန်ပါသလား။ (၂) နိုင်ငံတော်က တည်ဆောက်ပေးသော အစိုးရတာအတွင်းတာကို ချိုးဖောက်လျက် ရေငန်သွင်းပြီး ပုစွန်ကွင်းများ တည်ဆောက်မွေးမြူခွင့်ရှိပါသလား။ (၃) ပြည်ထောင်စုအစိုးရဌာနတစ်ခုခု၏ ဆောင်ရွက်နေသော လုပ်ငန်းများကို ဥပဒေကိုမျက်ကွယ်ပြုလျက် ပြည်နယ်အစိုးရဝန်ကြီး တာဝန်ရှိသူ တစ်ဦးဦးက ပိတ်ပင်ခွင့်ရှိပါသလား။ (၄) ငမန်းရဲကျွန်း အစိုးရတာအချိန်မီပြီးမြောက်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းရဲ့ မေးခွန်းများအပေါ် ကျွန်တော် ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ရှေးဦးစွာ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် ငမန်းရဲကျွန်းတာ၏ မူလတည်ဆောက်ခဲ့ပုံနှင့် လက်ရှိပြုပြင်ဆောင်ရွက်ဆဲကာလအခြေအနေကို ရှင်းလင်းတင်ပြလိုပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် ငမန်းရဲကျွန်းတာကို လယ်မြေများအတွင်းသို့ ပင်လယ်ဆားငန်ရေဝင်ရောက်ခြင်းမှ ကာကွယ်ရန် ရည်ရွယ်၍ ၁၉၈၇-၁၉၈၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ တာတမံအလျားမှာ ၃၆ မိုင်ဖြစ်ပြီး လယ်ယာမြေဧရိယာ ၁၂၃၀၀ ဧကခန့်ကို ပင်လယ်ဆားငန်ရေဝင်ရောက်ခြင်းမှ ကာကွယ်နိုင်ပြီး

နှစ်စဉ်မိုးစပါးစိုက်ဧရိယာ ပျမ်းမျှ ၈၅၀၀ ဧကခန့်ကို အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပါတယ်။ ငမန်းရဲကျွန်းတာ၏ မြောက်ဘက်ခြမ်း မြေနိမ့်ပိုင်းတွင် ယခင်အစိုးရကာလကတည်းက ပုစွန်ကန်များ ရှိနေကြောင်း သိရှိရပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ လယ်သမားတာ(ကာရီ) များအား တာပေါင်ဆည်ဖို့ပြုပြင်ရာတွင် ငမန်းရဲကျွန်းတာလည်း အပါအဝင်ဖြစ်ပါတယ်။ ငမန်းရဲကျွန်း တာတမံ (ကာရီ) များအား တာပေါင်ဆည်ဖို့ရာတွင် ပုစွန်ကန်ဧရိယာများ၌ လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲပေါ်ပေါက်သဖြင့် ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အကျိုး အကြောင်းတင်ပြခဲ့ရာ အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနမှ ကွင်းဆင်းစိစစ်ခဲ့ပါတယ်။ စိစစ်တွေ့ရှိချက်များကို တင်ပြတဲ့အခါမှာ တင်ပြချက်အပေါ် ရည်ညွှန်း၍ ပြည်နယ်အစိုးရအဖွဲ့၏ ၂၁-၁-၂၀၁၃ ရက်စွဲပါစာအမှတ် ၀၃/၅-၁/အစိုးရအဖွဲ့(ရခိုင်) ဖြင့် ပြည်နယ်ဆည်မြောင်းဦးစီးဌာန စစ်တွေမြို့သို့ လိပ်မူအကြောင်းကြားခဲ့ပါတယ်။ အကြောင်းအချက် အပြည့်အစုံကို အောက်ပါအတိုင်းဖော်ပြအပ်ပါတယ်။ (၁) မြေပုံမြို့နယ် ငမန်းရဲကျွန်းဒေသ မဟိုင်းမြစ် နှင့် ကမ်းထောင်းကြီးချောင်း ၂ ခုကြားရှိ နေရာများတွင် ရေငန်ဝင်ရောက်မှုမရှိစေရန် ဆည်မြောင်း ဦးစီးဌာနမှ တာတမံ(ကာရီ)များအား တာပေါင်ဆည်ဖို့ရာတွင် ၎င်းဒေသရှိ ပုစွန်တစ်သား၊ စပါးတစ်သီး စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များမှ ရေတံခါးများအား ဖယ်ရှား နေခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ခဲ့ရာ မဟိုင်းမြစ်နှင့် ကမ်းထောင်းကြီးချောင်းတွင် ငမန်းရွှေမြေ ပုစွန်တစ်သား၊ စပါးတစ်သီးစိုက်ပျိုးရေးအစုအဖွဲ့ အဖွဲ့ဝင် ၂၅ ဦး ပိုင်ဆိုင်သည့်ဧက ၁၇၇၇ ဧက ရှိကြောင်း မဟိုင်းမြစ်ကမ်းဘက်ခြမ်း (အရှေ့ခြမ်း)ရှိ စိုက်ပျိုးမြေ ၁၂၀၀ ဧကတွင် မိုးစပါးစိုက်ပျိုးပြီး ရေသွင်းရေထုတ် ပြုလုပ်ရန် ရေတံခါး ၄၀ ခုကိုလည်းကောင်း၊ ကမ်းထောင်းကြီးချောင်း အထက် ဘက်ခြမ်း (အနောက်ဘက်ခြမ်း) ဖြစ်ပါတယ်ခင်ဗျား။ စပါးစိုက်ပျိုးမြေဧရိယာ ၅၇၇ ဧကတွင် ရေတံခါး ၂၀ ကိုလည်းကောင်း တပ်ဆင်ထားရှိကြောင်း၊ ငမန်းရွှေမြေအစုပိုင်ဆိုင်သည့်မြေ ၏တောင်ဘက်တွင် တခြားလယ်မြေများနှင့် ခြားထားသည့် ဂျပန်လမ်းမကြီးတည်ရှိပြီး မြောက်ဘက်တွင် လယ်သမားများ၊ ပုစွန်သမားများ ကိုယ်ထူကိုယ်ထဆည်ဖို့ထားသည့်တမံ (ကာရီ) ရှိသဖြင့် ရေတံခါး ၆၀ ခုမှ ဝင်ရောက် သည့်ရေငန်များမှာ ၎င်းတို့ပိုင်ဆိုင်သည့်မြေ ၁၇၇၇ ဧကကိုသာဝင်ရောက်နိုင်ပြီး အခြားလယ်သမား များ၏ လယ်မြေများသို့ ရေငန်များဝင်ရောက်မှုမရှိသည်ကို စိစစ်တွေ့ရှိရကြောင်း ငမန်းရွှေမြေအစု အဖွဲ့ပိုင် ရေတံခါး ၆၀ ခုမှ ဝင်ရောက်သည့် ရေငန်များသည် ၎င်းအသင်း၏ လယ်မြေများကိုသာ

အကျိုးသက်ရောက်မှုဖြစ်ပေါ်စေပြီး အခြားလယ်သမားများ၏ လယ်မြေများအား ထိခိုက်မှုမရှိသဖြင့် စပါးတစ်သီး၊ ပုစွန်တစ်သားအစုအဖွဲ့၏ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ ရေတံခါး ၆၀ ခုအား ချန်လှပ်၍ တမံ(ကာရီ)ပေါင်ဆည်ဖို့ခြင်းကို ဆည်ဖို့သင့်ပါကြောင်း တင်ပြလာပါတယ်။ (၂) အဆိုပါကိစ္စနှင့်ပတ်သက်၍ ငမန်းရဲကျွန်းဒေသရှိ ဆည်မြောင်းကာရီအတွင်း ဆားငန်ရေဝင်ရောက်မှုမရှိစေရန် တာတမံ(ကာရီ)ပေါင်ဆည်ဖို့ရာတွင် စပါးစိုက်လယ်သမားများအား ထိခိုက်နိုင်မှုမရှိသည့် ငမန်းရွှေမြေအစုအဖွဲ့ပိုင် ရေတံခါး ၆၀ အားချန်လှပ်၍ တာပေါင်ဆည်ဖို့သွားရန်နှင့် ဆောင်ရွက်ထားရှိမှုအခြေအနေအား ပြန်လည်တင်ပြရန်ဆိုပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆည်မြောင်းဌာနကို အကြောင်းကြားခဲ့ပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အကြောင်းကြားစာအရ ငမန်းရဲကျွန်းဒေသတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသလို ကျွန်း၏မြောက်ဘက်တွင် ပုစွန်တစ်သား၊ စပါးတစ်သီး စိုက်ပျိုးရေးလုပ်ငန်း ၁၇၇၇ ဧက ဆောင်ရွက်ခြင်းကိုလည်း ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပေါ်လွင်ထင်ရှားပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ နောက်ဆက်တွဲဇယား(၂)အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန၏ လက်ရှိတည်ဆောက်ပြီးဖြစ်သော ဆည်၊ တာတမံများနှင့် ရေသောက်စနစ်မြောင်းများအား ပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ဆက်လက်၍ တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းများအပါအဝင် ဘဏ္ဍာငွေလိုအပ်ချက်ကို သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်အစိုးရမှ တာဝန်ယူဆောင်ရွက်သွားနိုင်ရေးနှင့် ဘဏ္ဍာငွေအသုံးစရိတ် လိုအပ်ချက်ကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရေး ရန်ပုံငွေခေါင်းစဉ်မှ တင်ပြတောင်းခံအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အရ ၄-၁၂-၂၀၁၂ ရက်နေ့တွင် စတင်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့အသီးသီးသို့ တာဝန်များ ခွဲဝေလွှဲပြောင်းပေးအပ်ခြင်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ငမန်းရဲကျွန်းတာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအား ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရသို့ ရန်ပုံငွေတင်ပြတောင်းခံပြီး ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်အားဖြင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာနှင့် လိုအပ်သောအကူအညီများ စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဖေသန်း၏ မေးမြန်းချက်များကို တစ်ချက်ချင်း

လိုရင်းပြန်လည်ဖြေကြားလိုပါတယ်။ မေးခွန်း(၁) အနေနဲ့ ဖြေကြားရမယ်ဆိုရင်တော့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် ငမန်းရဲကျွန်း အစိုးရတာအား လယ်ယာစိုက်ပျိုးရေးအတွက် နိုင်ငံတော်က ဆည်ဖို့ပေးခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ မေးခွန်း(၂)နှင့်ပတ်သက်ပြီးတော့ စိုက်ပျိုးရေးကို မထိခိုက်သောဒေသ၏ စီးပွားတိုးတက်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်း၏ စီမံဆောင်ရွက်သည့်အပေါ်တွင် တစ်စုံတစ်ရာ ဝေဖန်ရန်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ မေးခွန်း(၃) အနေနဲ့ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနတစ်ခုခု၏ ဆောင်ရွက်နေသော လုပ်ငန်းများအား ပြည်နယ်အစိုးရဝန်ကြီးက ပိတ်ပင်ခွင့်မရှိပါ။ ညှိနှိုင်းခွင့်သာရှိပါကြောင်းဖြေကြားအပ်ပါတယ်။ မေးခွန်း(၄) အနေနဲ့ ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် ငမန်းရဲကျွန်းတာတမံ၏စုစုပေါင်းအလျား ၃၆ မိုင်အနက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကုန်တွင် အလျား ၁၇.၅ မိုင်ပြီးစီးပါမည်။ ပြုပြင်ရန်ကျန်ရှိသော တာတမံအလျား ၁၈.၅ မိုင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား လိုအပ်သလို ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ အခုလိုဖြေကြားပေးခဲ့တဲ့အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအားအထူးပဲ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် မရှင်းနိုင်တဲ့ ပြဿနာလေးတွေရှိလို့ ကျွန်တော်တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးလိုပါတယ်။ ကျွန်တော်တို့ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနကနေပြီးတော့ ပြည်နယ်ဝန်ကြီးတွေကို လက်ပြောင်းလက်လွှဲပေးတယ်ဆိုတာဟာ လုပ်ငန်းစီမံချက်တွေကို အကောင်အထည်ဖော်ဖို့ပဲဖြစ်ပါလိမ့်မယ်။ ဥပဒေတစ်ခုလုံးကို မင်းတို့ကြိုက်သလိုလုပ်ကြ။ သွန်ချင်သွန်မှောက်ချင်မှောက်တည်ဆဲဥပဒေကို ဂရုစိုက်စရာမလိုဘူး။ လုပ်ချင်တာလုပ်လို့ရတယ်။ ရုံးတစ်ရုံး ဓားတစ်စင်းအပ်နှင်းထားတဲ့ပုံစံမျိုးတော့ ဟုတ်မယ်မထင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ လယ်ယာမြေဥပဒေတွေ၊ ဆည်မြောင်းဥပဒေတွေ၊ မြေလွတ်မြေရိုင်းဥပဒေတွေဆိုပါတော့ ဥပမာ အဲဒီလို ဥပဒေမျိုးဟာ နိုင်ငံတော်က၊ ပြည်ထောင်စုအစိုးရက၊ ပြည်သူ့လွှတ်တော်က၊ ပြည်ထောင်စုလွှတ်တော်က တည်ဆဲဥပဒေတွေဖြစ်ပါတယ်။ ညှိနှိုင်းပြီးတော့ လုပ်ချင်တာကို လုပ်လို့မရဘူးထင်ပါတယ်။ ဥပဒေဟာ ဥပဒေပဲဖြစ်ပါလိမ့်မယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ဒါကို ဘယ်သူပဲချိုးဖောက်ဖောက်၊ ပြည်နယ်ဝန်ကြီးကပဲချိုးဖောက်ဖောက်၊ သမ္မတကြီးကပဲချိုးဖောက်ဖောက် ဒါတော့ ကျွန်တော်တို့က ဥပဒေရဲ့အထက်မှာတော့ ဘယ်သူမှမရှိပါဘူး။ ခုနက ဝန်ကြီးပြောပါတယ်။ ဒါဟာ ပြည်နယ်အစိုးရက တားထားလို့ဖြစ်

ပါတယ်ဆိုတာကို ဝန်ကြီးက ဝန်ခံပြောသွားပါတယ်။ ဒီတော့ ဥပဒေတစ်ခုကို ချိုးဖောက်လာမယ်ဆိုရင် ဘယ်သူကအရေးယူမလဲ။ လယ်သမားတွေအတွက် ဆည်ပေးတဲ့တာတမံဖြစ်ပါတယ်။ ရေငန်မဝင်ရအောင် ရည်ရွယ်ချက်နဲ့ ဆည်ပေးပါတယ်။ ဆည်မြောင်းဌာနဥပဒေအရလည်း တာတမံကို ချိုးဖောက်ခွင့်မရှိပါဘူး။ ပုစွန်ကွင်းမွေးဖို့ထား၊ ရိုးရိုးတစ်ခုခုလိုအပ်ချက်နဲ့ တာတမံကို ချိုးဖောက်ခွင့်မရှိပါဘူး။ လယ်ယာမြေဥပဒေမှာလည်း ဒီလယ်ယာမြေကို အခြားနည်းနဲ့ အသုံးမပြုရ။ ခွင့်ပြုချက်မရှိရင် ဥပဒေကြီးလည်းအထင်အရှားရှိတယ်။ အဲဒီ ဥပဒေကို အခုချိုးဖောက်နေပါတယ်။ ကာယကံရှင်တွေ ချိုးဖောက်နေပါတယ်။ ဘယ်သူကအရေးယူမှာလဲ။ ညှိနှိုင်းလို့ရမလားခင်ဗျား။ နစ်နာသူတွေအတွက် ဘယ်သူကကုစားပေးမှာလဲ။ ဒီအထဲမှာရှိတဲ့ လယ်သမားတွေအတွက် မနစ်နာဘူးဆိုတာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို စေလွှတ်ပြီးတော့ လေ့လာခဲ့ပါသလား။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြောကြားချက်ကို အတည်ကိုင်ခဲ့တာဖြစ်ပါသလား။ ရေငန်ကိုတားတယ်ဆိုတာ အပြင်က တာတမံက ၆ ပေရှိရင် အတွင်းတာတမံလည်း ၆ ပေရှိမှ အဲဒီရေငန် ဟိုဘက်ကို မကျော်မှာဖြစ်ပါတယ်။ ပုစွန်ကွင်းသမားတွေ ရေသွင်းတယ်ဆိုတာ ရေကိုအပြင်နှင့် အရင်နီးပါးလောက်သွင်းတာ။ သူတို့တာတမံခိုင်မာစေလို့ ရေငန်မှာ ပုစွန်တွေ၊ သားပေါက်တွေ ဝင်ပါစေလို့ ဒီတော့ ဟိုဘက်မှာ လယ်သမားတွေနဲ့ ခွဲထားတဲ့တာက ၂ ပေလောက်ပဲကျယ်တယ်။ ၃ ပေလောက်ပဲကျယ်တယ်။ အမြဲတမ်းရေငန်ကျော်တယ်။ ရေငန်တက်တယ်။ ဒီရေထရက်တွေမှာရေသွင်းတယ်။ ဒီရေသေတဲ့ရက်တွေမှာ ရေငန်ကို အပြည့်လောင်ထားတယ်။ ဟိုဘက်ကို တစိမ့်စိမ့်ရေတွေက ဝင်နေတယ်။ ဟိုဘက်ကစပါးကွင်းတွေ အကုန်လုံးပျက်တယ်။ အခုဆိုရင် တစ်ကျွန်းလုံးရှိတဲ့လယ်သမားတွေက ဝန်ကြီးချုပ်ဆီ လက်မှတ်ထိုးပြီးစာတင်ထားတယ်။ ဒါဟာ လယ်သမားတွေက နစ်နာလို့ ပြောနေကြတာပါ။ မနစ်နာပါဘူးဆိုတာ ပုစွန်ကွင်းသမားတွေပဲဖြစ်ပါလိမ့်မယ်။ သူတို့နဲ့ပူးပေါင်းတဲ့သူတွေပဲဖြစ်ပါလိမ့်မယ်။ အဲဒီလို ဆင်ခြေဆင်လက်မျိုးနဲ့ ကျွန်တော်တို့က အတည်မပြုသင့်ပါဘူး။ ဒါကြောင့် ဝန်ကြီးဌာနတွေက တာဝန်ရှိသူက သွားစစ်ဆေးပြီးတော့ ဒါဟုတ်၊ မဟုတ် အတည်ပြုသင့်ပါတယ်။ အဓိကပြောလိုတာကတော့ ဒါဥပဒေကို ချိုးဖောက်နေတယ်။ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်က တာတမံတွေကို ဆည်ပေးထားတဲ့ ဘဏ္ဍာငွေတွေ အလဟဿမဖြစ်အောင် တစ်ဖက်ပြည်သူတွေကိုလည်း ကာကွယ်လို့ရနိုင်အောင် နိုင်ငံတော်က ဆည်ထားတဲ့ ကွင်းထဲမှာ ဘာမှစရိတ်အကုန်အကျမခံဘဲ စီးပွားရေးလုပ်နေတဲ့ လုပ်ငန်းတွေကို ရပ်တန့်အောင် အရေးယူပေးမယ့်တာဝန်ဟာ ဝန်ကြီးဌာနတာဝန်ပါ။ ဝန်ကြီးဌာနမှာတာဝန်ရှိပါတယ်။ ဒါကြောင့် ဒီဥပဒေချိုးဖောက်ခြင်းဟာ ဝန်ကြီးဌာနနဲ့ ဆိုင်၊

မဆိုင်ကိုသိလိုပါတယ်။ အရေးယူတာ ဘယ်သူက အရေးယူပေးမလဲဆိုတာကို သိလိုပါတယ်။ ဥပဒေ ချိုးဖောက်ခြင်းရှိ၊ မရှိကိုလည်း သိလိုပါတယ် ဝန်ကြီးခင်ဗျား။ လေးစားသောအားဖြင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တစ်ဆက်တစ်စပ်တည်း ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အများ အကျိုးအတွက်ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဖေသန်း ပြန်လည်မေးမြန်းချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်း ဖြေကြားပါမယ်။ ကျွန်တော်စောစောက ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကွင်းဆင်းစစ်ဆေးပြီးတော့ တွေ့ရှိချက် ပေါ်မှာဖော်ပြထားတဲ့ထဲမှာ ငမန်းရဲကျွန်းတာထဲမှာ မူလကတည်ဆောက်တာကတော့ ရေငန်ကာကွယ် မှုဆိုတဲ့ကျွန်းကို ပတ်တာမှန်ပါတယ်။ ဒါပေမယ့် မြောက်ဘက်ပိုင်းမှာ အနိမ့်ပိုင်းဖြစ်နေတဲ့အပိုင်းတွေမှာ ပုစွန်နဲ့ စိုက်ပျိုးရေး အဲဒီကန်တွေ သူတို့ အရင်ကတည်းကလည်း ရှိခဲ့တယ်။ အခုလည်း ရှိနေတဲ့ သဘောရှိတာ။ ဒါကြောင့်မို့လို့ ဒီကိစ္စမှာ ကျွန်တော်တို့ အနိမ့်ပိုင်းကျတဲ့နေရာမှာ ပျိုးနေတဲ့လုပ်ငန်း ကလည်း ကျွန်တော်သိသလောက် ဒီအထဲမှာ လုပ်နေတဲ့ စိုက်ပျိုးရေးနဲ့ ဆက်နွယ်ပြီးတော့ မွေးမြူရေး ရော၊ စိုက်ပျိုးရေးရောလုပ်နေတဲ့ လူတွေပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက ကိုယ်စားလှယ်တော်ကြီး ဦးဖေသန်း မေးတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ မှန်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအနေနဲ့ ကျွန်တော် ဆောင်ရွက်ပေးနိုင်တာကတော့ လက်ရှိဖြစ်နေတဲ့ အခြေအနေကို ကျွန်တော်တို့ ပြန်ပြီးတော့ စိစစ်ပေးပါမယ်။ စိစစ်ပြီးလို့ရှိရင် သက်ဆိုင်ရာ ပြည်နယ် အစိုးရအဖွဲ့နှင့်အတူ သက်ဆိုင်ရာ တောင်သူလယ်သမားတွေအပါအဝင် ညှိနှိုင်းပြီးတော့မှ ဒီအပေါ်မှာ အားလုံးကျေကျေနပ်နပ်သဘောတူတဲ့ အနေအထားပေါ်မှာ ဆောင်ရွက်ပေးသွားမယ်လို့ ကျွန်တော် ကတိပြုပါတယ်။ အကယ်၍ သူတို့ညှိနှိုင်းပြီးလို့ မြောက်ပိုင်းအနိမ့်ပိုင်းသည် သူတို့ဆိုထားတဲ့ ပုစွန် တစ်သား၊ စပါးတစ်သီး ဧရိယာလို့သာ လယ်သမားအများစုက သူတို့နဲ့ပတ်သက်တဲ့ လယ်သမားတွေ က သဘောတူတယ်ဆိုရင် ကျွန်တော်တို့က အတွင်းမှာရှိတဲ့ လယ်မြေဧက ၈၀၀၀ ကျော် သူတို့လည်း စိုက်ပျိုးအောင်မြင်နေပါတယ်။ ဒီအတွင်းပိုင်းကနေပြီးတော့ ပုစွန်ကန်ကြောင့် အထဲကိုရေမဝင်အောင် တစ်နည်းနည်းနဲ့ကာပြီးတော့ လယ်ယာစိုက်ပျိုးမှုကို ထိန်းသိမ်းသွားရမယ်ဆိုတဲ့ အကြောင်း တာဝန်ရှိ ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်စိစစ်ပါမယ်။ စိစစ်ပြီးတော့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နဲ့ ကျွန်တော်တို့ အားလုံးညှိနှိုင်းပြီးတော့ တောင်သူလယ်သမားတွေအပါအဝင် အားလုံးသဘောတူချက်

ပေါ်မှာမူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းဟာ အရေးကြီးတဲ့မေးခွန်းဖြစ်သလို နိုင်ငံတော်အပိုင်းအနေနဲ့ စိုက်ပျိုးရေးသမားရော၊ မွေးမြူရေးသမားရော နှစ်ဖက်လုံးအတွက် မျှတစွာစဉ်းစားဆောင်ရွက်ပေးရမည့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းမေးတဲ့အပေါ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း ဖြေကြားသွားတာရှိသလို ဒီမေးခွန်းအပေါ်မူတည်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့လည်း သက်ဆိုင်ရာတာဝန်ရှိတဲ့သူများ အဓိကထားဆောင်ရွက်နိုင်အောင်နဲ့ ဒီလိုအခြေအနေမျိုးတွေ နိုင်ငံအတွင်းမှာ ပြည်နယ်အတွင်းမှာဖြစ်ပေါ်လာလို့ရှိရင် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး ထိခိုက်စေနိုင်တဲ့အတွက် အလေးထားဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်သမ္မတဆီလည်း ဒီမေးခွန်းပါအကြောင်းအရာနှင့်ပတ်သက်ပြီးတော့ သဝဏ်လွှာပေးပို့သွားမှာဖြစ်ပါတယ်။ လွယ်လွယ်နဲ့ ကျွန်တော်တို့က မဆုံးဖြတ်စေချင်ပါဘူး။ အဲ့ဒီအတိုင်းပဲ လိုအပ်ချက်ကရိကၡာထုတ်လုပ်ဖို့ဆိုတဲ့နေရာမှာ ဆန်စပါးလည်းပါပါတယ်။ သားငါးလည်းပါပါတယ်။ အတွေ့အကြုံအရပြောမယ်ဆိုရင် အင်းသမားနှင့်လယ်သမားဟာလည်း အမြဲတမ်းပြဿနာရှိပါတယ်။ အင်းလုပ်သူနှင့် လယ်လုပ်သူတစ်ဆက်တစ်စပ်တည်းလုပ်ပိုင်ခွင့်ရတယ်ဆိုရင် ပြဿနာနည်းပါတယ်။ အခုလည်း ပုစွန်မွေးသူနှင့် လယ်လုပ်သူကြားမှာ တစ်ဆက်တစ်စပ်တည်းမဟုတ်တဲ့အတွက် ပြဿနာတွေလည်းဖြစ်နိုင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအခန်းထဲမှာပဲဆွေးနွေးဆုံးဖြတ်ခြင်းဟာ အမှန်တရားမရနိုင်ပါဘူး။ ပြည့်ပြည့်စုံစုံမဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ နိုင်ငံတော်အဆင့်အနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်တွေနဲ့ လိုအပ်သလို ညှိနှိုင်းပေါင်းစပ်စိစစ်ပြီးဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်းလည်း လွှတ်တော်ကိုထပ်လောင်းအသိပေးရင်းနဲ့ လွှတ်တော်အနေနဲ့လုပ်ရမယ့်ကိစ္စများကိုလည်း ဆက်လက်ပြီးဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြပါတယ်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအရသိမ်းယူခဲ့သော လယ်ယာမြေများကို လယ်ယာမြေဥပဒေနှင့်အညီဖြစ်စေရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တောင်ဥက္ကလာပမဲဆန္ဒနယ်က ဦးအောင်သိန်းလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းတွေမေးရတဲ့

အကြောင်းအရင်းကတော့ တစ်နိုင်ငံလုံးမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အားလုံးဟာ ဒီမိုကရေစီရင့်ကျက်အောင်လို့ ကျွန်တော်တို့ လေ့ကျင့်ပျိုးထောင်ကြိုးစားဆောင်ရွက်နေတဲ့အချိန်မှာ အုပ်ချုပ်ရေးပိုင်းတာဝန်ရှိတဲ့လူတွေအနေနဲ့ တည်ဆဲဥပဒေတွေကို အသေးအဖွဲလို့သဘောမထားဘဲနဲ့ ထိန်းသိမ်းကြပ်မတ်စေလိုတဲ့ရည်ရွယ်ချက်နဲ့ မေးခွန်း ၃ ခုကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး အတွက် ဖွဲ့စည်းထားတဲ့ကော်မရှင်အဖွဲ့(၁)မှာ အဖွဲ့ဝင်အဖြစ်ကျွန်တော်ပါဝင်ပြီးတော့မှ လယ်မြေ သိမ်းတဲ့ကိစ္စတွေကို ကျွန်တော်တို့ လိုက်လံစုံစမ်းတဲ့အခါမှာ ဒီလယ်ယာမြေကိစ္စတွေနဲ့ ပတ်သက် ပြီးတော့မှ ဥပဒေကိုသိလျက်နဲ့ဖြစ်စေ၊ မသိလို့ပဲဖြစ်စေဖောက်ဖျက်နေတဲ့ကိစ္စတွေတွေ့ရှိနေရပါတယ်။ ဒီလို ဥပဒေဖောက်ဖျက်တဲ့ကိစ္စတွေကို ဒါဟာ ဥပဒေနဲ့မညီညွတ်ဘူး။ ဖောက်ဖျက်နေပြီ ထိုက်သင့် သလိုအရေးယူပေးပါ။ ထိုက်သင့်သလို စီမံဆောင်ရွက်ပေးပါဆိုပြီးတော့ ကျွန်တော်တို့ ကော်မရှင် အနေနဲ့စာထွက်ပေမယ့် တချို့ကုမ္ပဏီတွေကအောက်ခြေဝန်ထမ်းတွေဟာ အဲ့ဒီစာတွေကို ဆုတ်ဖြဲပြီး တော့မှ သူတို့နဲ့မဆိုင်ဘူးဆိုပြီးတော့ ဆက်ပြီးတော့မှ လ/န (၃၉) မကျသေးတဲ့ လယ်မြေတွေမှာ ခြံစည်းရိုးခတ်တာတို့၊ လမ်းဖောက်တာတို့ကို ဆက်ပြီးတော့ဆောင်ရွက်နေပါတယ်။ လ/န(၃၉)မကျ သေးတဲ့လယ်မြေတွေမှာ ခြံစည်းရိုးခတ်တယ်၊ လမ်းဖောက်တာဟာ လယ်ယာမြေဥပဒေကိုဖောက်ဖျက် တယ်ဆိုတာ လူတိုင်းသိပါတယ်။ ဒီကိစ္စတွေကို မြို့နယ်အဆင့်တာဝန်ရှိတဲ့လူတွေကို ပြောတဲ့အခါမှာ လည်း ဆက်လက်အရေးမယူပါဘူး။ တိုင်းအဆင့်တာဝန်ရှိတဲ့လူတွေဆီကို စာနဲ့ အကြောင်းကြားပြီး တော့မှ အကြိမ်ကြိမ်အကြောင်းကြားတဲ့အခါကျမှ တားဆီးတာကိုတွေ့ရပါတယ်။ အဲ့တော့ ဥပဒေတွေ ကို အသေးအဖွဲလို့သဘောထားပြီးတော့မှ ချိုးဖောက်နေမယ်ဆိုရင် အမှိုက်ကစ ပြဿဒ်မီးလောင် ဆိုသလို တဖြည်းဖြည်းအလေ့အကျင့်ဖြစ်သွားပြီးတော့မှ ကျွန်တော်တို့သွားနေတဲ့ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးဟာ နောက်ပြန်လည်သွားနိုင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီမေးခွန်း ၃ ခုကို မေးမြန်းရ ခြင်း ဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၁) အနေနဲ့ကတော့ ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအရ ယခင်က မြေသိမ်းဆောင်ရွက်ခဲ့ရာတွင် လယ်ယာမြေများကို အခြားနည်းအသုံးပြုခွင့် လ/န(၃၉) ခွင့်ပြုမိန့် မကျသေးသောမြေများသည် ဥပဒေအရလယ်ယာမြေအဖြစ်သာတည်ရှိနေဆဲဖြစ်၍ ထိုမြေများတွင် သက်ဆိုင်ရာလယ်သမားများ ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ခွင့်မရအောင် တားဆီးဟန့်တားနေခြင်း၊ ထိုလယ်ယာမြေများတွင် လယ်ယာမြေဥပဒေကိုဖောက်ဖျက်ကာ ကွန်ကရစ်လမ်းများကို ကုမ္ပဏီက

ဖောက်လုပ်နေခြင်း၊ လယ်ယာမြေများကိုခြံခတ်နေခြင်းများရှိနေသည်ကို ပြည်ထောင်စုအစိုးရအနေနဲ့ သိပါသလား။ သိရှိပါက လယ်ယာမြေဥပဒေနှင့်အညီဖြစ်စေရန် ဖောက်ဖျက်နေသူတို့ကို မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်နည်း။ ထိုလယ်မြေလုပ်ပိုင်ခွင့်ရထားသောလယ်သမားများ မိမိတို့၏ လယ်ယာမြေများကို လွတ်လွတ်လပ်လပ်လုပ်ကိုင်ခွင့်ရအောင် မည်သို့ဆောင်ရွက်ပေးမည်ကိုသိလိုပါတယ်။

နံပါတ် (၂) မေးခွန်းအနေနဲ့ ဒါ ကျွန်တော်တို့ မျက်မြင်ပါပဲ။ စီမံကိန်းအရ မြေသိမ်းဆောင်ရွက်ပေမယ့် လ/န(၃၉) အမိန့်မကျသေးသဖြင့် လယ်သမားများမှ စိုက်ပျိုးနေသောလယ်မြေများကို ခြံစည်းရိုးကာရံခြင်းကြောင့် မိုးရေတွေမစီးထွက်ဘဲ စပါးပင်များရေနစ်သေဆုံးသဖြင့် လယ်သမားအချို့ နစ်နာဆုံးရှုံးနေမှုများရှိနေတာကိုတွေ့နေရပါတယ်။ လ/န(၃၉) အမိန့်မကျသေးတဲ့ လယ်မြေအား ခြံစည်းရိုးခတ်ခြင်းသည် လယ်ယာမြေဥပဒေနှင့်ညီညွတ်မှုမရှိ၍ ဥပဒေနှင့်ညီညွတ်စေရန်မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကိုသိလိုပါတယ်။

မေးခွန်းနံပါတ် (၃) အနေနဲ့ကတော့ ဌာနဆိုင်ရာအချို့ဟာ လယ်သမားများ ဓါးမဦးချလုပ်ကိုင်နေတဲ့ ဦးပိုင်အမည်မပေါက်သေးသော လယ်မြေအချို့ကို ဦးပိုင်အမည်ဖောက်၍ စာရွက်ပေါ်တွင် သိမ်းဆည်းလိုက်ပြီး အမှန်တကယ်ဓါးမဦးချစိုက်ပျိုးလုပ်ကိုင်နေသူများထံမှ ဥပဒေကိုမျက်ကွယ်ပြု၍ သီးစားခများတောင်းခံနေခြင်း၊ ဦးပိုင်အမည်မပေါက်ခြင်းကိုအကြောင်းပြု၍ မူလဓါးမဦးချလုပ်ကိုင်နေသူများအားဖယ်ရှား၍ အခြားသူများအားလုပ်ကိုင်စေပြီး သီးစားခရယူနေခြင်းများလည်းရှိနေသဖြင့် လယ်သမားအချို့မှာနစ်နာမှုများရှိနေပါတယ်။ လယ်ယာမြေဥပဒေနှင့်အညီဖြစ်စေရန်အတွက် မည်ကဲ့သို့ကြပ်မတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့မေးမြန်းတဲ့မေးခွန်း ၃ ခုနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ဒီရှင်းလင်းဖြေကြားချက်နဲ့ပတ်သက်ရင်တော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စိစစ်ဖြေကြားချက်

နဲ့ပေါင်းစပ်ပြီးတော့ ဖြေကြားခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပထမမေးခွန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ အောက်ပါအတိုင်းရှင်းလင်းဖြေကြားအပ်ပါတယ်-

(က) လယ်ယာမြေများအား ခြံစည်းရိုးကာရံခြင်းပြုလုပ်လိုလျှင် အဆိုပါလယ်ယာမြေအား ယခင်က လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ လျှောက်ထားပြီး ခွင့်ပြုမိန့်ရရှိမှသာ ကွန်ကရစ်လမ်းဖောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းအားဆောင်ရွက်ရန်၊ ခွင့်ပြုမိန့်မရရှိပါကဆောင်ရွက်ခွင့်မရှိပါကြောင်း၊ ဆောင်ရွက်မည်ဆိုပါက လယ်ယာမြေဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကုမ္ပဏီအဖွဲ့အစည်းများသို့အကြောင်းကြားထားပြီးဖြစ်ပါတယ်။

(ခ) ယင်းသို့ဆောင်ရွက်ခြင်းသည် တောင်သူလယ်သမားများ လွတ်လပ်စွာစိုက်ပျိုးခွင့်ရရှိစေရန်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ သို့ရာတွင် လယ်သမားများမှ လယ်ယာမြေများ ရောင်းချပြီး သို့မဟုတ် ညှိနှိုင်းပြီးငွေအချို့ရယူထားပါက သက်ဆိုင်ရာလယ်သမားနှင့် ကုမ္ပဏီတို့၏ကိစ္စသာဖြစ်၍ တရားရုံး၌သာရင်ဆိုင်ရမည်ဖြစ်ပါတယ်။

(ဂ) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဆောင်ရွက်ချက်များအနက် သာဓကအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်တွင် ၂၀၀၀ ခုနှစ်က မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဇေကမ္ဘာကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းစာချုပ်ချုပ်ဆိုခဲ့သော ရန်ကုန်စက်မှုဇုန်အပိုင်း(၄)နယ်မြေအတွင်းရှိ လယ်မြေ ၈၁၅ ဧကအား လုပ်ကိုင်သော လယ်သမား ၁၀၄ ဦးနှင့် ဇေကမ္ဘာကုမ္ပဏီတို့တွေ့ဆုံညှိနှိုင်းခဲ့ပြီး နှစ်ဖက်သဘောတူနစ်နာကြေးငွေများ ပေးချေမှုရှိခဲ့ပါကြောင်း၊ ငွေလက်ခံရယူသည့် လယ်သမားများမှာလည်း ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထံသို့လက်မှတ်ရေးထိုးပြီး မြေလုပ်ကိုင်ခွင့်ပြန်လည်အပ်နှံမှုရှိခဲ့ကြောင်း၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှလည်း ဇေကမ္ဘာကုမ္ပဏီသို့ သီးစားလုပ်ပိုင်ခွင့်ချထားခဲ့သည်ကိုတွေ့ရှိရပါကြောင်း ဖြေကြားအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ ဒုတိယမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ အောက်ပါအတိုင်း ရှင်းလင်းဖြေကြားအပ်ပါတယ်-

လယ်ယာမြေဆက်စပ်ပတ်သက်လျက်ရှိသည့် နိုင်ငံသားအားလုံး လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ဥက္ကဋ္ဌ အဖြစ်ဦးဆောင်သည့် အဖွဲ့ဝင်စုစုပေါင်း ၁၀ ဦးဖြင့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့ ရက်စွဲဖြင့် ဖွဲ့စည်းပြီးဖြစ်ပါကြောင်း ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များကိုလည်း လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းပြီးဖြစ်၍ အခြားနည်းအသုံးပြုခွင့်၊ ခွင့်ပြုမိန့်မကျသေးသောမြေများအပါအဝင် လယ်ယာမြေအား ခွင့်ပြုချက်မရရှိဘဲ အခြားနည်းဖြင့်အသုံးပြုပါက စိစစ်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားအပ်ပါတယ်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများမှာ ယခင်အစိုးရလက်ထက်ကဆောင်ရွက်ခဲ့သော စီမံကိန်းများဖြစ်ပြီး မြို့ပြ စီမံကိန်းများအဖြစ် အကောင်အထည်ဖော်ခဲ့သည့် ဒဂုံမြို့သစ်မြို့နယ်၊ လှိုင်သာယာ မြို့နယ်၊ ရွှေပြည်သာမြို့နယ်စသည့် စက်မှုအိမ်ရာမြေကွက်တိုးချဲ့အကောင်အထည် ဖော်ထုတ်သည့် အိမ်ရာစီမံကိန်းများအား ယခင်အစိုးရမှ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ် ရေးအက်ဥပဒေပုဒ်မ ၃၉ ခွင့်ပြုချထားသည့်မြေများဖြစ်ပြီး အစိုးရသစ်လက်ထက်တွင် မြို့ပြမြေယာတိုးချဲ့ခြင်း၊ စီမံကိန်းသစ်များဆောင်ရွက်ခြင်းမရှိပါကြောင်း ဖြေကြားအပ် ပါတယ်။

(ခ) ဓါးမဦးချလုပ်ကိုင်နေသူများထံမှ သီးစားခတောင်းခံခြင်း၊ ဓါးမဦးချလုပ်ကိုင်နေသူကို ဖယ်ရှား၍ အခြားသူများကိုလုပ်ကိုင်စေပြီး သီးစားရယူခြင်းများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထိုကဲ့သို့ကိစ္စများမဖြစ်ပေါ်စေရန် အထူး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏မေးခွန်းနှင့်စပ်လျဉ်း၍ ယခုလက်ရှိအချိန်တွင် လယ်ယာမြေဥပဒေကို နိုင်ငံတော်သမ္မတက ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် ၆၂/၂၀၁၂ အရ လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ

စတင်အာဏာတည်ခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာမြေနည်းဥပဒေကို လယ်ယာမြေဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(က) အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၂ ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာမြေဥပဒေအရ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး တွင် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်စွာဖြင့် နယ်မြေလိုက်နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ်ပါဝင်သော တိုင်း ဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆိုင်ရာခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့က မြေပြင်ပကတိအခြေအနေမှန်အတိုင်း တိုက်ဆိုင်စိစစ်ပြီး ဥပဒေနှင့်အညီ မှန်ကန်တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ် တည်းမေးချင်ပါတယ်။ တချို့မြေတွေဟာ လ/န(၃၉) ကျမယ်၊ မကျမယ်ဆိုတာမသေချာပါဘူး။ လတ်တလောအခြေအနေမှာတော့ လ/န(၃၉)မကျသေးတဲ့မြေတွေကို ခြံစည်းရိုးတွေခတ်ထားတဲ့ အတွက် စိုက်ပြီးသားစပါးပင်တွေရေမြုပ်နေတာကို ကျွန်တော်တို့တွေ့ခဲ့ရပါတယ်။ လာမယ့် မိုးရာသီမှာ ဆက်စိုက်ဖို့ဟာ အဲ့ဒီခြံစည်းရိုးတွေပြန်ဖျက်ပေးမှဖြစ်မှာဖြစ်တဲ့အတွက် ဒီခြံစည်းရိုးတွေပြန်ဖျက်ဖို့ဟာ ဘယ်လိုများဆောင်ရွက်ပေးနိုင်မလဲဆိုတာသိလိုပါတယ်။ နောက်တစ်ခါ အချို့ လ/န(၃၉) မကျသေးတဲ့ မြေတွေမှာ အိမ်ရာအဆောက်အဦတွေဆောက်ဖို့အတွက် ကွန်ကရစ်လမ်းတွေဖောက်ထားတာတွေရှိပါ တယ်။ အဲ့ဒီမြေဟာ လာမယ့်မိုးရာသီမှာစိုက်ဖို့အတွက် ကွန်ကရစ်လမ်းတွေကို ပြန်ဖျက်ပေးဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့မှ ဘယ်လိုများဆောင်ရွက်ပေးနိုင်မလဲဆိုတာ ကျွန်တော့်အနေနဲ့ သိလိုပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့လုပ်ငန်းနဲ့ပတ်သက်၍ ရန်ကုန်တိုင်း

ဒေသကြီးအစိုးရအဖွဲ့နဲ့ ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ ကွင်းဆင်းစစ်ဆေးပြီးတော့ လိုအပ်တဲ့ဟာကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

**ဥတိုစိုက်ကွင်းကြီးတစ်ခုလုံးကို ဆက်လက်လုပ်ကိုင်ရန်အစီအစဉ်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဟန်စိန်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာပြီးတော့ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဦးစွာနှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုက်ကြီး မြို့နယ်အတွင်းမှာရှိတဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ယူပြီးတော့ ကြီးကြပ် ဆောင်ရွက်ခဲ့တဲ့ ဥတိုစိုက်ကွင်းမှာ စိုက်ပျိုးရေးလုပ်ငန်းများဆက်လက်လုပ်ကိုင်ဆောင်ရွက် နိုင်ရေး အတွက် အစီအစဉ်များမည်ကဲ့သို့ရှိသည်ကိုသိရှိလိုပါ၍ မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုက်ကြီးမြို့နယ်၊ ဥတိုကျေးရွာမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးပိုင် ဥတိုစိုက်ကွင်းကြီးရှိပါတယ်။ အဲ့ဒီ စိုက်ကွင်းတည်နေရာဟာ ယခင်က ကိုင်းတောကြီးဖြစ်ပြီးတော့ မြေနိမ့်ကွင်းတွေလည်းဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်ကစပြီးတော့ ဒီ ကိုင်းတောကြီးကိုရှင်းလင်းပြီးတော့ လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ပြီးတော့ စိုက်ပျိုး မြေဧက ၈၁၆၅ ဧကကိုဖော်ထုတ်နိုင်ခဲ့ပါတယ်။ ၎င်းအပြင် စိုက်ပျိုးရေးစခန်းများအဖြစ် ဥတိုစိုက်ပျိုး ရေးစခန်း၊ ကြာအင်းစိုက်ပျိုးရေးစခန်း၊ အင်းတွင်းကြီးစိုက်ပျိုးရေးစခန်း၊ ဇီးကုန်းစိုက်ပျိုးရေးစခန်း ဆိုပြီးတော့ စခန်းကြီး ၄ ခုကိုလည်း အခိုင်အမာတည်ဆောက်ခဲ့ပြီးတော့ ၇၉၁၀ ဧကပေါ်မှာ စပါးများ ကို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၎င်းအပြင် စခန်းများတစ်ခုနှင့် တစ်ခုဆက်သွယ်ရေး၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရေး တိုက်ကြီးမှ ဥတို၊ ဥတိုမှ ကြာအင်း၊ ကြာအင်းမှ တိုက်ကြီးဆိုပြီးတော့ ကုန်ထုတ်လမ်းမကြီးတွေကိုလည်း ဖောက်လုပ်ခဲ့ရပါတယ်။ မိုးရာသီမှာ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ် ရန်အတွက် ဖော်ထုတ်ပြီးတဲ့လယ်မြေတွေကို တာတွေပတ်ရပါတယ်။ ရေကြီးတဲ့အခါမှာ စိုက်ပျိုး လယ်တွေ၊ စိုက်ပျိုးတဲ့လယ်မြေများအတွင်းသို့ရေများမဝင်ရောက်အောင်ဆိုပြီးတော့ တာတွေပတ်ရပါ တယ်။ မိုးတွင်းအခါမှာ ရေများဝင်ရင် ရေများကိုထုတ်နိုင်ဖို့၊ နွေအခါမှာ လိုအပ်သောရေများ တဘူးလှ ဆည်မြောင်းကနေပြီးတော့ ရေသွင်းနိုင်ဖို့ဆိုပြီးတော့ ဒီတာတွေမှာ ရေသွင်းရေထုတ်ပွှန်တွေကိုလည်း

စနစ်တကျလုပ်ကိုင်ဆောင်ရွက်ရပါတယ်။ ဒါ့အပြင် မျိုးကောင်းမျိုးသန့်များပေါ်ထွက်နိုင်ရန်နှင့် တွက်ချေကိုက်တဲ့စပါးမျိုးတွေကို သုတေသနပြုပြီးတော့ဆောင်ရွက်နိုင်ဖို့ဆိုပြီး Research Centre ကိုလည်းတည်ဆောက်ခဲ့ပါတယ်။ ယခုအချိန်မှာ Research Centre ကြီးဟာ တံခါးတွေပိတ်ပြီးတော့ တော်တော်လေးတောင်ပျက်စီးနေပြီဖြစ်ပါတယ်။ ဒါ့အပြင် စိုက်ပျိုးပြီးတဲ့စပါးတွေကို ကြိတ်ခွဲနိုင်ဖို့ အတွက်ကိုလည်း အဲ့ဒီမှာ ခေတ်မီတဲ့ဆန်စက်တစ်ခုကိုလည်းတည်ဆောက်ခဲ့ပါတယ်။ ဒါတွေကတော့ ခုနက ကျွန်တော်ပြောသလို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကနေပြီးတော့ ငွေတွေကို မြောက်မြားစွာအကုန်အကျခံပြီးတော့ တည်ဆောက်ခဲ့တဲ့လုပ်ငန်းတွေပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအကုန်အကျခံပြီးတော့ တည်ဆောက်ခဲ့တဲ့နေရာမှာ ၂၀၀၃ ခုနှစ်ကစပြီးတော့ လုပ်ငန်းတွေဟာ ရပ်ဆိုင်းခဲ့တာ ယခုအချိန်အထိပါပဲ။ အချို့နေရာတော်တော်များများတွေမှာ ကိုင်းတောတွေလည်းပြန်ပေါက်နေပါပြီ။ စိုက်ပျိုးလို့ရတဲ့ဧက ၁၀၀၀ လောက်မှာတော့ နီးစပ်ရာကျေးရွာတွေက လယ်ယာစိုက်ပျိုးလုပ်ကိုင်လိုသော လယ်သမားတွေက စပါးပေးပေးပြီးတော့ စိုက်ပျိုးနေကြတယ်။ စပါးပေးဆိုတာ တစ်ဧကကို စပါးတင်းရေ ၅ တင်းပေးရပါတယ်။ ဒါတွေက ဧက ၁၀၀၀ ကျော်လောက်တော့ရှိပါတယ်။ ဒါကြောင့်မို့လို့ အခုလိုငွေကြေးတွေမြောက်မြားစွာအကုန်အကျခံပြီးတော့ စနစ်တကျဖော်ထုတ်ထားတဲ့စိုက်ကွင်းကြီးမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ အသိပညာရှင်အတတ်ပညာရှင်များ၊ ငွေကြေးတတ်နိုင်၍ စိတ်ဝင်စားသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ဝန်ကြီးဌာနများပူးပေါင်းပြီးတော့ လယ်ယာမြေတွေကို အမြန်ဆုံးပြန်လည်ဖော်ထုတ်ပြုပြင်ပြီး တွက်ချေကိုက်သောစပါးမျိုးများကို သုတေသနပြု၍စိုက်ပျိုးလုပ်ကိုင်မည်ဆိုပါက နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ပါသောကြောင့် ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းများကိုမေးမြန်းအပ်ပါသည်-

(၁) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဥတိုစိုက်ကွင်းကြီးတစ်ခုလုံး ကို ဆက်လက်လုပ်ကိုင်ရန် အစီအစဉ်ရှိ၊ မရှိ။

(၂) ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အစီအစဉ်ရှိ၊ မရှိ။

(၃) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် လွှဲပြောင်းဆောင်ရွက်ခြင်းများလုပ်ကိုင်ဆောင်ရွက်ရန်အစီအစဉ်ရှိ၊ မရှိတို့ကို

နိုင်ငံတော်၏အကျိုးငှာသိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန်ရဲ့မေးခွန်း ၃ ချက်နှင့်ပတ်သက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ရှင်းလင်းချက်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဥတို စိုက်ကွင်းကြီးတစ်ခုလုံးကို ဆက်လက်လုပ်ကိုင်ရန်အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်စတင်ရှင်းလင်းပါမယ်။ အဲ့ဒီမေးခွန်းနှင့်ပတ်သက်လို့ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီသည် ဥတို၊ ကြာအင်းဒေသများရှိ ရေနက်ကွင်းဧရိယာများအား နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ စိုက်ပျိုးရေးလုပ်ငန်းမဖြစ်ထွန်းသည့် မြေလွတ်၊ မြေရိုင်းများအား နိုင်ငံတော်၏ အကျိုးဖြစ်ထွန်းစေမည့် လယ်ယာမြေများ၊ ငါးကန်များပြန်လည်ဖော်ထုတ်ဆောင်ရွက်သွားရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် ဥတို၊ ကြာအင်းဒေသရှိ မြေလွတ်၊ မြေရိုင်းများအား လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်ရုံနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းအား ၁၉၉၈ ခုနှစ်တွင် ဧရိယာ ၄၁၁၆.၃၆ ဧကဖြင့်လည်းကောင်း၊ ကြာအင်းစိုက်ပျိုးမွေးမြူရေးစခန်းအား ၁၉၉၉ ခုနှစ်တွင် ဧရိယာ ၂၂၉၆.၈၃ ဧကဖြင့်လည်းကောင်း၊ ဇီးကုန်းစိုက်ပျိုးမွေးမြူရေးစခန်းအား ၂၀၀၀ ခုနှစ်တွင် ဧရိယာ ၁၁၇၅.၄၁ ဧကဖြင့်လည်းကောင်း၊ အင်းတွင်းကြီးစိုက်ပျိုးမွေးမြူရေးစခန်းအား ၂၀၀၁ ခုနှစ်တွင် ဧရိယာ ၁၀၄၉.၉၄ ဧကဖြင့်လည်းကောင်း စုစုပေါင်းဧရိယာ ၈၆၃၈.၅၄ ဧကအား ရင်းနှီးမြှုပ်နှံ ဖော်ထုတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

စခန်းများအလိုက် စတင်အကောင်အထည်ဖော်ခဲ့သည့်နှစ်မှစတင်၍ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းမှ ဝင်ငွေကျပ်သိန်း ၁၃၂၉၅.၁၈သိန်း၊ ကြာအင်းစိုက်ပျိုးမွေးမြူရေးစခန်းမှဝင်ငွေကျပ်သိန်း ၁၂၇၃.၀၈ သိန်း၊ အင်းတွင်းကြီးစိုက်ပျိုးမွေးမြူရေးစခန်းမှ ဝင်ငွေကျပ်သိန်း ၅၁၃.၂၈ သိန်း၊ ဇီးကုန်းစိုက်ပျိုးမွေးမြူရေးစခန်းမှဝင်ငွေကျပ်သိန်း ၁၅၈၂၆.၈၂ သိန်း ရရှိခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်တွင် လုပ်ငန်းများရပ်ဆိုင်းသွားခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ခဲ့ရာ

၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ ၉ နှစ်အတွင်း ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းမှ ဝင်ငွေကျပ်သိန်း ၂၇၅၈၈.၄၃ သိန်း၊ ကြာအင်းစိုက်ပျိုးမွေးမြူရေးစခန်းမှဝင်ငွေကျပ်သိန်း ၃၁၆၅.၆၉ သိန်း၊ အင်းတွင်းကြီးစိုက်ပျိုးမွေးမြူရေးစခန်းမှဝင်ငွေကျပ်သိန်း ၅၅၂.၈၂ သိန်း၊ ဇီးကုန်းစိုက်ပျိုး မွေးမြူရေး စခန်းမှ ဝင်ငွေကျပ်သိန်း ၇၉၈.၄၉ သိန်း၊ စုစုပေါင်းဝင်ငွေကျပ်သိန်း ၃၂၁၀၅.၄၂ သိန်းရရှိခဲ့ပါတယ်။ ဥတို၊ ကြာအင်းဒေသရှိစိုက်ပျိုးရေးစခန်း ၄ ခုသည် စတင်အကောင်အထည်ဖော်ခဲ့သည့် နှစ် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ ဝင်ငွေကျပ်သိန်း ၁၅၈၂၆.၈၂ နှင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေး နှစ်မှ ယနေ့အထိဝင်ငွေကျပ်သိန်း ၃၂၁၀၅.၄၂ သိန်းဖြစ်ပါ၍ စခန်းများစတင်တည်ဆောက်စဉ်မှ ယနေ့အထိ စုစုပေါင်းဝင်ငွေမှာကျပ်သိန်း ၄၇၉၃၂.၂၄ သိန်းဖြစ်ပါသဖြင့် ထိုက်သင့်သော အကျိုးကျေးဇူးများရရှိခဲ့ပြီးဖြစ်ပါ၍ ဥတိုကြာအင်းဒေသရှိ စိုက်ပျိုးရေးစခန်း ၄ ခုအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူပေါင်းဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ဥတို၊ ကြာအင်း၊ အင်းတွင်းကြီး၊ ဇီးကုန်းစိုက်ပျိုးမွေးမြူရေးစခန်းများစတင်တည်ဆောက်စဉ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ကော်မတီမှဝန်ထမ်းများဖြင့်စိုက်ပျိုးမွေးမြူဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှစ၍ စိုက်ပျိုးရေးလုပ်ငန်းများအား စခန်း ၄ ခုမှ မိုးစပါး ၁၉၁၆.၅ ဧက၊ နွေစပါး ၄၆၀ ဧက၊ ဆောင်းသီးနှံမတ်ပဲ ၂၈၆ ဧကတို့အား ဒေသခံတောင်သူလယ်သမားများနဲ့အကျိုးတူပူးပေါင်းစိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်။ အလားတူ ငါးမွေးမြူရေးလုပ်ငန်းအား စခန်း ၄ ခုမှ ငါးကန် ၉၃ ကန်၊ ဧရိယာ ၁၁၉၆.၅၆ ဧကအား ပုဂ္ဂလိကငါးလုပ်ငန်းရှင် ၁၅ ဦးဖြင့် အကျိုးတူပူးပေါင်းမွေးမြူလုပ်ကိုင်လျက်ရှိပါကြောင်းနှင့် ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းရှိ အပန်းဖြေလုပ်ငန်း၊ ဟိုတယ်နှင့် ဂေါက်ကွင်းအား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း လုပ်ကိုင်လိုသူပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဒေသခံတောင်သူလယ်သမားများနဲ့လည်း ဆက်လက်အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ လက်ရှိအခြေအနေတွင်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒေသဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိပြီး ဥတို၊ ကြာအင်းဒေသရှိပြီး ဖော်ပြပါစခန်း ၄ ခုစတင်တည်ထောင်သည့်မှ ယနေ့အထိမတည်ရင်းနှီးငွေ

ကျပ်စုစုပေါင်းကျပ်သိန်း ၈၂၅၈၁.၀၅ ရှိပြီး ပေးသွင်းပြီးစုစုပေါင်းကျပ်သိန်း ၄၃၈၆၄.၂၃ ရှိ၍ ပေးသွင်းရန်ကျန်ငွေစုစုပေါင်းကျပ်သိန်း ၃၈၇၁၆.၈၂ ဖြစ်ပါတယ်။ မတည်ရင်းနှီးထားသည့်ငွေများ အရင်းကျေပြီးသည့်နောက်တွင်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆက်လက် လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များမှစိတ်ဝင်စားပါကလည်း ဒေသ ဖွံ့ဖြိုးရေး၊ စီးပွားရေးအရတွက်ချေကိုက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေဖော်ထုတ်ပေးနိုင်မှု များနဲ့ကိုက်ညီပါက ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် စဉ်းစားဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရှင်းလင်းဖြေကြားတာကို တင်ပြခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် လွှဲပြောင်းဆောင်ရွက်ခြင်းများလုပ်ကိုင်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားပါမယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နည်းပညာအကူအညီများကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ထမ်းများဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှဲပြောင်းလုပ်ကိုင် ဆောင်ရွက်ခြင်းများဆောင်ရွက်ရန်အစီအစဉ်မရှိပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါ မယ်။

**အချိန်၊ ၁၂း ၀၀**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးအစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါသည်။]**

**အချိန်၊ ၁၃း၁၅**။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၈ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းကို ၇-၂-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်းရဲ့ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံလေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးတင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့လာသော ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးစတီဖန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး၊ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန်အတွက် အမျိုးသားလွှတ်တော်၏ ၇-၂-၂၀၁၃ ရက်စွဲပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်လုံးကျွတ် လူဦးရေသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန် သန်းခေါင်စာရင်းဥပဒေအသစ်ကို ရေးဆွဲပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း ရည်ရွယ်ချက်တွင် ဖော်ပြထား ပါသည်။

၃။ ၁၉၇၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ်(၃)ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး၊ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် သန်းခေါင်စာရင်းများကို ယင်းဥပဒေနှင့်အညီ ကောက်ယူခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူ ရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန်အတွက် ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ဥပဒေတစ်ရပ်ရေးဆွဲရာ၌ ဌာနတွင်းမှ ပညာရှင်များ၊ ပြည်တွင်းပြည်ပမှ ဥပဒေပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲ၍လည်းကောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေ ရေး၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှ ဥပဒေပညာရှင်များနှင့် ညှိနှိုင်း၍လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စိစစ်အကြံပြုချက်တို့ဖြင့်လည်းကောင်း ရေးဆွဲတင်ပြထားကြောင်း သိရှိရပါသည်။

၄။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းတွင် အခန်း ၇ ခန်းနှင့် ပုဒ်မ ပေါင်း ၂၇ ခုပါရှိပြီး အမျိုးသားလွှတ်တော်မှ ၂၅ ချက်ကို ပြင်ဆင်ထားပါသည်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၄-၂-၂၀၁၃ ရက်နေ့တွင် လူမှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ပြည်ထောင်စုလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ယင်းဥပဒေကြမ်း အား ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ လေ့လာစိစစ်ခဲ့ကြပါသည်။

၆။ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အခန်း (၄) ပုဒ်မ ၁၀ ရှိ သန်းခေါင်စာရင်းတာဝန်ခံအရာရှိ ဟူသော စကားရပ်တွင် အရာရှိဟူသောစကားရပ်အား ပယ်ဖျက်၍ သန်းခေါင်စာရင်းတာဝန်ခံဟု ပြင်ဆင်ပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဂ)အား ထည့်သွင်းရန် မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဂ) အခန်း(၅) ပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) ရှိ မှားယွင်းစွာဖြေဆိုခြင်းစကားရပ်၏ အရှေ့တွင် သိလျက်နှင့်ဟူသော စကားရပ်အား ဖြည့်စွက်၍ သိလျက်နှင့် မှားယွင်းစွာ ဖြေဆိုခြင်း ပြင်ဆင်ပါသည်။

၇။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်များဖြင့် ပေးပို့လာသည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းအား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များ ပါရှိပါက ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ဖော်ပြ၍ ၄-၃-၂၀၁၃ ရက်နေ့ ၁၃း၀၀ နာရီအချိန်နောက်ဆုံးထားရှိပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ် အိန္ဒိယအက်ဥပဒေ-၁၄) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၀)ရက်မြောက်နေ့မှာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းသော မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ် အိန္ဒိယအက်ဥပဒေ-၁၄) ကို ရုပ်သိမ်းလိုကြောင်း ဥပဒေကြမ်းတင်သွင်းခဲ့ပါတယ်။ ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ (ခ)အရ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ် အိန္ဒိယအက်ဥပဒေ-၁၄) ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။ သက်ဆိုင်သူအား ဖတ်ကြားရှင်းလင်းဖို့ ဖိတ်ခေါ်ပါ တယ်။

**ဦးဘရှိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းထားတဲ့ မတရားအသင်းများအက်ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေနှင့်စပ်လျဉ်းတဲ့ အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီရဲ့ကိုယ်စား ကော်မတီဝင်တစ်ဦးအနေနဲ့ ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းသော မတရားအသင်းများအက်ဥပဒေ ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ၁၇-၇-၂၀၁၂ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့၌ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ဦးသိန်းညွန့်က ဤဥပဒေကြမ်းသည် ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်သည့်အပြင် မျက်မှောက်ကာလ၌ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဦးတည်ဆောင်ရွက်နေသည့်အချိန်တွင် ဥပဒေ ဘောင်အတွင်း ဝင်လာမည့် အင်အားစုများအတွက် လိုအပ်မှုမရှိတော့ပါသဖြင့် ဖျက်သိမ်းရန် ရည်ရွယ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံရေးပါတီများတည်ထောင်ခြင်းကို ပြဋ္ဌာန်း ထားသည့်အပြင် နိုင်ငံတော်အခြေခံမူများ၌လည်း စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ

ဒီမိုကရေစီစနစ် ထွန်းကားရေးကိုဦးတည်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ တည်ဆဲဥပဒေများတွင် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကိုလည်း ပြဋ္ဌာန်းပြီးဖြစ်သဖြင့် မတရားအသင်းများနှင့်ပတ်သက်၍ အရေးယူနိုင်မည်ဖြစ်ပါကြောင်း၊ မတရားအသင်းများနှင့်ပတ်သက်၍ အရေးယူနိုင်သည့်ပြစ်မှုများ ထပ်တူနီးပါးဖြစ်နေခြင်းသည် တရားဥပဒေစိုးမိုးရေးအတွက် မလိုလားအပ်ပါသဖြင့် ဖျက်သိမ်းရန်ဖြစ်ကြောင်း တင်ပြထားပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ၂၁-၇-၂၀၁၂ ရက်နေ့ ကြားဖြတ်အစီရင်ခံစာတွင် ၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေသည် ၁၉၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှစ၍ အာဏာတည်ခဲ့သော်လည်း ၁၉၅၄ ခုနှစ် နောက်ပိုင်းပြင်ဆင်သည့် ဥပဒေမရှိခဲ့ကြောင်း၊ ဤအက်ဥပဒေသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးအတွက် ပြဋ္ဌာန်းထားရှိခြင်းမှန်သော်လည်း တရားနည်းလမ်းမကျဘဲ ဖိနှိပ်ချုပ်ချယ်သည့် လက်နက်အဖြစ် အသုံးချခံနေရကြောင်း၊ အထူးသဖြင့် သောင်းကျန်းသူများရှိနေသည့် နယ်စွန်နယ်ဖျားများ၌ မသင်္ကာသူပြည်သူတစ်ဦးဦးကို ခိုင်လုံသောအထောက်အထားမရှိဘဲ ဖမ်းဆီးချုပ်နှောင်ပြီး တရားရုံးမှ ရီမန်ရရှိရေးအတွက် လွယ်လင့်တကူပထမသတင်းပေး တိုင်ချက်ဖွင့်လှစ်စေခြင်း၊ အမှုကိုခိုင်မာစွာ တည်ဆောက်ခြင်းမရှိနိုင်ဘဲ တရားစွဲတင်ပို့စေခြင်း၊ တရားရုံးသို့လည်း ဖိအားပေးခြင်းစသည့် အခြေအနေများရှိကြောင်းကို တွေ့ရှိခဲ့ရပါသဖြင့် ဤဥပဒေပါပြဋ္ဌာန်းချက်များကို ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပွင့်လင်းမြင်သာမှုရှိစေရန် ပြန်လည်သုံးသပ်သင့်ပါကြောင်း တင်ပြခဲ့ပါသည်။

၄။ ဤဥပဒေကြမ်းအပေါ်တွင် ပြည်ထောင်စုပြည်ထဲရေးဝန်ကြီးဌာနက ဆွေးနွေးတင်ပြခဲ့ရာတွင် အသင်းအဖွဲ့များကို လွပ်လပ်စွာဖွဲ့စည်းခွင့်ပြုပြီးဖြစ်ခြင်း၊ ဤဥပဒေကို ကိုလိုနီခေတ်မှ အသုံးပြုခဲ့ရာလက်ရှိကာလ၌လည်း အသုံးပြုဆဲဖြစ်၍ ရုပ်သိမ်းရန်မသင့်သေးကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၅။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုက ဆွေးနွေး တင်ပြရာတွင် ၎င်းဥပဒေပါ ပုဒ်မ ၁၇ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂)တို့ကြောင့် ကချင်၊ ကရင်၊ ကယားနှင့် ရှမ်းပြည်နယ်တို့တွင် သူပုန်မဟုတ်ဘဲ ရွာသူရွာသားများပါခံစားနေရကြောင်းတွေ့ရ၍ ပြင်ဆင်ရန်အတွက် လွှတ်တော်တွင် ပြန်လည်ဆွေးနွေးသင့်ပါကြောင်း တင်ပြခဲ့ပါသည်။

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးက ဤဥပဒေဆက်လက်တည်ရှိရန် လိုကောင်းလိုနိုင်ပြီး အပိုဒ်တိုင်း၊ ပုဒ်မတိုင်းရှိနေဖို့ လိုချင်မှလိုမည်ဖြစ်ကြောင်း၊ ဥပဒေအနေဖြင့် အမှန်တကယ် ကာကွယ်ဖြစ်ထွန်း

မှုရှိ၊ မရှိ စဉ်းစားဖို့လိုမှာဖြစ်ကြောင်း၊ ရုပ်သိမ်းလိုက်ပါက ရည်ရွယ်ချက် လွဲနိုင်သည့်အတွက် ဦးသိန်းညွန့်၏ အဆိုကို ပြန်လည်စဉ်းစား၍ ရုပ်သိမ်းရန် သို့မဟုတ် ပြင်ဆင်ရန်သင့်၊ မသင့် လွှတ်တော်တွင် ဆွေးနွေးပေးမှ သဘာဝကျမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤဥပဒေအား အသေးစိတ် လေ့လာ၍ ရုပ်သိမ်းရန်ထက် အပိုဒ်လိုက်ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြခဲ့ပါသည်။

၇။ ထို့ကြောင့် မတရားအသင်းများ အက်ဥပဒေကို လွှတ်တော်က ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်အတွက် လက်ခံဆွေးနွေးရန် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၈။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၁-၁-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာ နှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပ ပြီး ဥပဒေကြမ်းကိုစိစစ်ရာတွင်အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ကြပြီး၊ ဥပဒေရေးရာနှင့် အထူး ကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ကလည်း နိုင်ငံတော်၏ လတ်တလော အခြေအနေ များအရ တရားဝင်ထုတ်ပြန် ကြေညာထားသော မတရားအသင်းများ တည်ရှိနေဆဲဖြစ်၍ လောလော ဆယ်ရုပ်သိမ်းရန် မသင့်သေးကြောင်း၊ မတရားအသင်း လုံးဝမရှိတော့သည့်အချိန်မှသာ စဉ်းစား သင့်ကြောင်း သုံးသပ်ဖော်ပြချက်ကိုလည်း တွေ့ရှိရပါသည်။

၉။ သယံဇာတ်ကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းသည့် မတရားအသင်းများအက်ဥပဒေကို ယခုအချိန်ကာလ၌ ရုပ်သိမ်းရန်မသင့်သေးပါကြောင်း ဥပဒေကြမ်းကော်မတီက သုံးသပ်ရရှိပါသည်။ သို့ရာတွင် ဤဥပဒေကြောင့် မတရားနစ်နာဆုံးရှုံးမှု များ မဖြစ်ပွားစေရန်အတွက် ပြင်ဆင်သင့်သည့် အချက်အလက်များကို ထည့်သွင်း ပြဋ္ဌာန်းနိုင် ရန် မတရားအသင်းများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအဖြစ်ဖြင့်သာ တင်သွင်းဆောင်ရွက်သင့်သည် ဟု ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းသည်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၅ နှင့်အညီ အစီရင်ခံစာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဥပဒေကြမ်းကော်မတီက တင်သွင်းသွားတဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ် အိန္ဒိယအက်ဥပဒေ-၁၄) ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လောလောဆယ်ရုပ်သိမ်းရန် မသင့်သေးပါကြောင်း၊ သို့ရာတွင် ဤဥပဒေကြောင့် နစ်နာမှုများလည်း မဖြစ်စေရန် ပြင်ဆင်သင့်သည့်အချက်များကို ပြုစု၍ မတရားအသင်းများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအဖြစ် ပြန်လည်တင်သွင်းဆောင်ရွက်ရန် သင့်ပါကြောင်း အစီရင်ခံစာ တင်ပြသွားပါတယ်။ နိုင်ငံတော်၏ လက်ရှိအခြေအနေအရ တရားဝင်ထုတ်ပြန်ကြေညာထားသော မတရားအသင်းများတည်ရှိနေဆဲဖြစ်လို့ ရုပ်သိမ်းလိုက်မယ်ဆိုရင် အခက်အခဲများဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရပါတယ်။ ခေတ်နှင့်မလျော်ညီတဲ့ ပြဋ္ဌာန်းချက်များကိုသာ ပြင်ဆင်၍ ပြင်ဆင်သည့်ဥပဒေကြမ်းအဖြစ် ပြန်လည်ဆောင်ရွက်ခြင်းက ပိုမိုသင့်လျော်ကြောင်းလည်း သုံးသပ်တင်ပြခဲ့တာရှိပါတယ်။ ဒါကြောင့် ဦးသိန်းညွန့်တင်သွင်းတဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ် အိန္ဒိယအက်ဥပဒေ-၁၄) ဥပဒေကြမ်းကို ရုပ်သိမ်းရန်မသင့်ကြောင်းနှင့် ဒီဥပဒေကြောင့် နစ်နာမှုများ မဖြစ်ပွားစေရန် ပြင်ဆင်လိုသည့်အချက်များရှိပါက မတရားအသင်းများကို ပြင်ဆင်သည့် ဥပဒေကြမ်းအဖြစ် ပြန်လည်တင်သွင်းသင့်ပါကြောင်းကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန... 

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းတဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ် အိန္ဒိယအက်ဥပဒေ-၁၄) ဥပဒေကြမ်းကို ရုပ်သိမ်းရန်မသင့်ကြောင်းနှင့် ဒီဥပဒေကြောင့် နစ်နာမှုများမဖြစ်ပွားစေရန် ပြင်ဆင်လိုသည့်အချက်များရှိပါက မတရားအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအဖြစ် ပြန်လည်တင်သွင်းသင့်ကြောင်း လွှတ်တော်ရဲ့ အတည်ပြုဆုံးဖြတ်ချက်ကို အသိပေးတင်ပြ ကြေညာပါတယ်။ (သြဘာသံများ)

## စက်မှုဝန်ကြီးဌာနက တင်သွင်းသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စက်မှုဝန်ကြီးဌာနကတင်သွင်းသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး

ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက် မြောက်နေ့ ဖြစ်သော ၆-၂-၂၀၁၃ ရက်နေ့တွင် တင်သွင်းခြင်း၊ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းဆောင်ရွက်ပါမယ်။ ဒီလို ဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်း တစ်ခုလုံးပါမှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုကို ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ ပြင်ဆင်လိုသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ သဘောထားရယူဆုံးဖြတ် အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀(က)အရ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၆၁ ချက်ရှိတဲ့အနက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၅၄ ချက်အား ဥပဒေကြမ်းကော်မတီမှတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်၏ပြင်ဆင်တင်ပြ ချက်များအား အတည်ပြုပေးပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဓါတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ညှိနှိုင်းအစည်းအဝေးများကိုကျင်းပပြုလုပ်ခဲ့ရာမှာ ညှိနှိုင်းချက်များအရ ရရှိလာသော ပြင်ဆင်ချက်ဇယားများအား လွှတ်တော်ကိုယ်စားလှယ်ကြီးများထံသို့ ယနေ့ ၂၇-၂-၂၀၁၃ ရက်နေ့တွင် ဖြန့်ဝေပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ (ဃ) အရ ဖော်ပြပါ ပြင်ဆင်ချက်များကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)နဲ့ ပုဒ်မခွဲ (ဍ)နှင့် (ဎ)၊ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ

(က) နှင့် ပုဒ်မခွဲ (ခ)၊ အခန်း (၃) ခေါင်းစဉ်နှင့် ပုဒ်မ ၄ ။ အခန်း(၄) ပုဒ်မ ၅ ပုဒ်မခွဲ(ဃ) နှင့် ပုဒ်မခွဲ (ဇ) ၎င်းနောက်အသစ်ဖြည့်စွက်ချက် (ဈ) ဖြစ်ပါတယ်။ အခန်း(၅) အသစ် ဖြည့်စွက်ချက်ပုဒ်မ ၇ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၈ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဈ)၊ (ည) နှင့် ပုဒ်မ ၉။ အခန်း(၆) ပုဒ်မ ၁၀ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)၊ (ဈ)၊ (ည)နှင့် ပုဒ်မ ၉ ။ အခန်း(၆) ပုဒ်မ ၁၀ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)။ အခန်း(၇) ပုဒ်မ ၁၄ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ) (ဆ) (ည)၊ ပုဒ်မ ၁၇၊ ၁၈၊ ပုဒ်မ ၁၉။ အခန်း(၈) ပုဒ်မ ၂၁ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ ။ အခန်း(၉) ခေါင်းစဉ်နှင့် ပုဒ်မ ၂၇ ပုဒ်မခွဲ(ဃ)။ အခန်း(၁၁) ခေါင်းစဉ်နှင့် ပုဒ်မ ၃၀။ အခန်း(၁၃) ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၇။ အခန်း(၁၄) ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၁။ အခန်း(၁၅) ပုဒ်မ ၄၄ နှင့် ၄၆။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှပြင်ဆင်ချက် ၅၄ ချက်အား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ တားဆီးကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၆၁ ချက်ရှိတဲ့အနက် ဥပဒေကြမ်းကော်မတီကပြင်ဆင်ချက် ၅၄ ချက်အား အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်ပြီး ဥပဒေကြမ်းကော်မတီကပြင်ဆင်ချက် ၅၄ ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်ပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်နှင့် ဦးဥာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်တို့က ပြင်ဆင်ချက် ၇ ချက်အား တစ်ပိုဒ်ခြင်းစီအလိုက် ဆွေးနွေးမှာဖြစ်ပါတယ်။ ယခုစတင်ဆောင်ရွက်ပါမယ်။ ဦးစွာ ဒေါက်တာအောင်သန်း ရွှေဘိုမဲဆန္ဒနယ်က စတင်တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ ကာကွယ်တားဆီးခြင်း ဥပဒေကြမ်းကို အခန်း(၇) ဥပဒေ၊ အခန်း(၇) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ကိုင်ခွင့် လိုင်စင်နဲ့ပတ်သက်ပြီးတော့ ပုဒ်မ ၁၃ ကို ပြင်ဆင်လိုကြောင်းတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်သန်းခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာနဲ့ အမှတ်စဉ် ဖော်ပြပါ။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၈ အခန်း(၇) အပိုဒ် ၁၃ ဖြစ်ပါတယ်။ စာမျက်နှာ ၈ ပါ။ အမှတ်စဉ် ၃၈။ ပုဒ်မ ၁၃ မှာဖော်ပြထားတာကတော့ ဒီမူလပြဋ္ဌာန်းချက်မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်လိုသူသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။ အဲဒါကို ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုပါတယ်။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်နှင့်တကွ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်လို့ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့အကြောင်းကတော့ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများဟာ သဘာဝပတ်ဝန်းကျင်၊ လူ့ပတ်ဝန်းကျင်ထိခိုက်နိုင်တဲ့လုပ်ငန်းတွေ လည်းဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို လုပ်ကိုင်ခွင့်လိုင်စင်မချထားမီ ပတ်ဝန်းကျင်ကိုထိခိုက်မှု မရှိအောင် ဘယ်လိုစီမံဆောင်ရွက်ထားတယ်ဆိုတဲ့ စီမံချက်နဲ့တကွ လျှောက်ထားသင့်ပါတယ်။ မူလဥပဒေ အခန်း (၇) အပိုဒ် ၁၅ (ဂ) အဲဒါကတော့ဒီထဲမှာဆိုလို့ရှိရင် ၁၅ ပြုတ်နေပါတယ်။ စာရိုက်တာလိုသွားလို့ပါ။ အမှတ်စဉ် ၃၄ မှာ ၁၅ ကျနေခဲ့ပါတယ်။ ၁၅(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်ရေးဆွဲ၍ စတင်ဆောင်ရွက်ရမည်ကို ပယ်ဖျက်ထားပါတယ်။ သို့သော်လည်း အဲဒီအပိုဒ်ဟာ မူလဥပဒေမှာဆိုလို့ရှိရင် လိုင်စင်ရပြီးတဲ့သူ လိုင်စင်ရတဲ့အခါမှာ လုပ်ငန်းကိုမစတင်မီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ရေးဆွဲ၍ စတင်ဆောင်ရွက်ရမယ်လို့ မူလဥပဒေမှာဆိုထားပါတယ်။ အမှန်တော့ လုပ်ငန်းမစမီထက် လိုင်စင် လျှောက်ထားစဉ်ကတည်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက်ကို ရေးဆွဲ တင်ပြမှသာလျှင် ပိုပြီးတော့သင့်လျော်လိမ့်မယ်လို့ထင်ပါတယ်။ လိုင်စင်ရပြီးတဲ့နောက်မှာဆိုလို့ရှိရင်

မြေနေရာတွေဘာတွေ သေချာလျှာထားပြီးသားဖြစ်မယ်။ စက်ရုံတွေဘာတွေ လည်းအသစ်နဲ့ဆောက်ပြီးသားဖြစ်မယ်ဆိုရင် ဒါတွေကိုပတ်ဝန်းကျင်နဲ့ မကိုက်ညီဘူးလို့ဆိုပြီးမှ သူတို့ကိုပြန်ပြီးတော့ဖျက်ခိုင်းမယ်ဆိုရင် သူတို့လည်း နစ်နာပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်၏အဆိုပြုချက်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်နှင့်တကွ သတ်မှတ်ချက်များနှင့်အညီလိုင်စင်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့ကို လျှောက်ထားရမယ်လို့ တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်ဆက်လက်ပြီးတော့တင်ပြခွင့်ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခဏာရပ်ပါ။ နောက်ကျသွားလို့ရှိရင်တော့ ပြင်ဆင်အဆိုပြုချက်ကိုဘဲ ရှင်းလင်းပေးဖို့ဖြစ်ပါတယ်။ အခု အမှတ်စဉ် ၃၂ နဲ့ပတ်သက်ပြီးတော့ ဒေါက်တာအောင်သန်းရဲ့ ပြင်ဆင်အဆိုပြုချက်ကို ပြည်ထောင်စုအစိုးရကိုယ်စားလှယ်က သဘောတူပါသလား။

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာအောင်သန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာ အောင်သန်း ဆက်လက်ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာ အောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ ကျွန်တော် ပြင်ဆင်ချက်အဆိုတင်သွင်းချင်တာကတော့ အမှတ်စဉ် ၃၆ စာမျက်နှာ ၈ အပိုဒ် ၁၆ (စ) ဖြစ်ပါတယ်။ ကျွန်တော်၏ပြင်ဆင်ချက်မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်မည့်သူအား ကျန်းမာရေးစစ်ဆေးပေးပြီး ယင်းလုပ်ငန်းတွင်တာဝန်ထမ်းဆောင်မည့်သူအား ကျန်းမာရေးစစ်ဆေးပေးပြီး ယင်းလုပ်ငန်းတွင်လုပ်ကိုင်ရန် ကျန်းမာရေးနဲ့ညီညွတ်ကြောင်း ထောက်ခံချက်ရရှိမှသာ တာဝန်ထမ်းဆောင်ခွင့်ပြုရမည် ယင်းတို့၏ကျန်းမာရေးစစ်ဆေးချက်မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းထားရှိရမည်လို့ ကျွန်တော်ပြင်ဆင်လိုပါတယ်။ ဘာလို့လဲဆိုတော့ မူလမှာ ကျန်းမာကြောင်းထောက်ခံချက်ဆိုတာက အထွေထွေကျန်းမာကြောင်းထောက်ခံချက်ကတော့ အားလုံးအလုပ်လုပ်မယ်ဆိုလို့ရှိရင် ဒီထောက်ခံချက်ကို ကျန်းမာရေးဌာနကနေပေးလေ့ပေးထရှိပါတယ်။ သို့သော်လည်း ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများနဲ့ပတ်သက်တဲ့ ရောဂါတွေရှိပါတယ်။ တချို့တလေတွေဆိုလို့ရှိရင် ရင်ကြပ်ပန်းနာရှိပါတယ်။ အဲ့ဒီ ရင်ကြပ်ပန်းနာဟာ ဒီလုပ်ငန်းနဲ့ ပန်းနာရှိတဲ့လူဟာ ဒီလုပ်ငန်းနဲ့ မသင့်တော်ပါဘူး။ သို့သော်လည်း ရင်ကြပ်ပန်းနာရှိတဲ့လူကို ကျန်းမာရေးစစ်တယ်ဆိုလို့ရှိရင်တော့

ကျန်းမာရေးကောင်းကြောင်းကိုပဲ ဆရာဝန်ကထောက်ခံမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းနဲ့တကယ်ညီညွတ်ရဲ့လား။ ကျန်းမာရေးနဲ့ညီညွတ်ရဲ့လားဆိုတာကို ထောက်ခံမှသာလျှင်ပိုပြီးတော့ အဆင်ပြေမှာဖြစ်ပါတယ်။ တချို့တလေဆိုလို့ရှိရင် အရေပြားနဲ့ပတ်သက်တဲ့ရောဂါတွေရှိပါတယ်။ အဲ့ဒီရောဂါတွေလည်း ဒီဓာတုပစ္စည်းတွေနဲ့ဆက်စပ်တဲ့လုပ်ငန်းတွေကိုလုပ်လို့ရှိရင် ဒါတွေဟာ အသက်အန္တရာယ်ရှိ လောက်တဲ့အထိအောင်ဆိုးရွားလာတာကိုတွေ့ရတတ်ပါတယ်။ အဲ့ဒါကြောင့်မို့ ဒီလုပ်ငန်းဆိုင်ရာ ကျန်းမာရေးနဲ့ညီညွတ်ကြောင်းထောက်ခံချက်ကိုရှိမှာသာလျှင် ခွင့်ပြုရမယ်လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်ခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုအစိုးရကိုယ်စားလှယ် သဘောတူပါသလား။

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်ရဲ့ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဒေါက်တာ အောင်သန်း ဆက်လက်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာ အောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၃၈ ဖြစ်ပါတယ်။ စာမျက်နှာ ၈ ဖြစ်ပါတယ်။ အခန်း (၇) အပိုဒ် ၁၆ (ဇ) ဖြစ်ပါတယ်။ ကျွန်တော်၏ပြင်ဆင်ချက်မှာ မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများကိုအသုံးပြု၍ မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းမျိုးလုပ်ကိုင်ပါက သက်ဆိုင်ရာမီးသတ်ဦးစီးဌာန၏ လမ်းညွှန်သဘောတူညီချက် ကြိုတင်ရယူရမည်။ သဘောတူညီချက်တစ်ခုတည်းထက် လမ်းညွှန်ထည့်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လုပ်ငန်းသဘောအရ မီးဘေးအန္တရာယ်ကာကွယ်ရမည့်လမ်းညွှန်တွေဟာ အမြဲတမ်းလိုအပ်နေမှာ ဖြစ်ပါတယ်။ လောလောဆယ်လုပ်ငန်းမစတင်မီ သဘောတူညီချက်လောက်တင်ဖြစ်မှာမဟုတ်ပါဘူး။ ဥပမာ လောင်စာဆီများသယ်တဲ့နေရာတွေမှာ နောက်ပြီးတော့ မီးဘေးအန္တရာယ်ရှိတဲ့ပစ္စည်းတွေ ဂိုထောင်တွေမှာ သိုလှောင်တဲ့နေရာတွေမှာ ဒါအစဉ်အမြဲ လမ်းညွှန်မှုနဲ့ဆောင်ရွက်နေမှသာလျှင် အများပြည်သူအတွက်အန္တရာယ်ကင်းမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့ ကျွန်တော်ကသဘောတူညီချက်အပြင် လမ်းညွှန်ဆိုတာကိုထည့်လိုက်ရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုအစိုးရကိုယ်စားလှယ် သဘောတူပါသလား။

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်ရဲ့ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ပြင်ဆင်အဆိုပြုချက်တင်ပြထားသူအား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးဉာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို ၄ ခုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆို (၁) ဖြစ်တဲ့ စာမျက်နှာ ၁ဝ အမှတ်စဉ် ၄၇ အခန်း (၉) အပိုဒ် ၂၇ ၏စာပိုဒ်ပထမစာကြောင်းတွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူများသည့်ဟူသောစာသားတွင် လုပ်ငန်းလုပ်ကိုင်သူဟူသောစာသားကို ဥပဒေရေးထုံးနဲ့ညီညွတ်စေရန်နှင့် အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန် လိုင်စင်ရရှိသူများသည်ဟူသောစာသားဖြင့် ပြင်ဆင်ပြောင်းလဲ၍ ပြင်ဆင်ပြီးသောစာသားကို စာပိုဒ်၏ရှေ့တွင်ထားရှိပြီး လိုင်စင်ရရှိသူများသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဆိုင်ရာဟု နေရာပြောင်းလဲပြင်ဆင်ရေးသားပါတယ်။ တစ်ခါ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဟူသော စာကြောင်းနောက်တွင် များကိုထည့်ပါတယ်။ များကိုထည့်လိုက်ခြင်းအားဖြင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကိုသုံးနှုန်းရေးသားရမှာဖြစ်ပြီး ယင်းသို့သုံးနှုန်းရေးသားမှုသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဟု သုံးနှုန်းရေးသားထားသည့် ဤဥပဒေကြမ်း၏အမည်နှင့် လည်းကောင်း၊ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ရန်တင်ပြချက်ပါအပိုဒ်၊ အပိုဒ်ခွဲတိုင်းတွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဟုသုံးနှုန်းထားရှိမှုများနှင့်လည်းကောင်း ကိုက်ညီဆီလျော်မှုရှိတဲ့အတွက်များကိုထည့်၍ ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ နောက်ဆုံးစာကြောင်းတွင် လိုက်နာစေရမည်ဟူသောစာသားတွင် ဥပဒေရေးထုံးနဲ့ညီညွတ်စေရန်စေကိုဖြုတ်ပြီး လိုက်နာရမည်ဟု ပြင်ဆင်ပါတယ်။ ပြင်ဆင်သည့်စာပိုဒ်ကို

ဖတ်ကြားတင်ပြရလျှင် လိုင်စင်ရရှိသူများသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အန္တရာယ်ကို ထိန်းချုပ်ကာကွယ်ရန်နှင့် လျော့ပါးစေရန်အောက်ပါတို့ကို လိုက်နာရမည်ဟုဖြစ်ပါတယ်။

ပြင်ဆင်ချက်အဆို (၂) ဖြစ်တဲ့ စာမျက်နှာ ၁၀ အမှတ်စဉ် ၄၈ အခန်း (၉) အပိုဒ် ၂၇ အပိုဒ်ခွဲ(က) ပါ မူလပြဋ္ဌာန်းချက်တွင် အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်ဟုသုံးနှုန်းရေးသားထားပါတယ်။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေဟူသော ဥပဒေကြမ်း အမည်နဲ့ကိုက်ညီဆီလျော်စေရန် ရန်ကို ရေးဟုပြောင်းလဲပြင်ဆင်ပါတယ်။ တစ်ခါ မူလပြဋ္ဌာန်းချက် စာပိုဒ်၏ ဒုတိယစာကြောင်းတွင် အဆင့်ကိုဟူသောစာသားရဲ့နောက် ဂုဏ်သတ္တိများဟူသော စာသား၏ အရှေ့တွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ဟူသောစာသားကို ဖြည့်စွက်ထည့်သွင်းပြင်ဆင်ပါတယ်။ ဤကဲ့သို့ထည့်သွင်းပြင်ဆင်ရခြင်းမှာ မူလပြဋ္ဌာန်းချက်တွင် အန္တရာယ်အဆင့်ကို ဂုဏ်သတ္တိများ အရ အမျိုးအစားခွဲခြားခြင်းဟူသည့်စာကြောင်းတွင် ဂုဏ်သတ္တိများအရဆိုသည်မှာ မည်သည့် ဂုဏ်သတ္တိများအရဖြစ်သည်ကို သိသာပေါ်လွင်ထင်ရှားစေရန် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ ဟူသောစာသားကို ဖြည့်စွက်ထည့်သွင်းဖတ်ရှုလျှင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ ဂုဏ်သတ္တိများအရဟု အဓိပ္ပာယ်ပေါ်လွင်ပြီး စာသားလည်းဖတ်ရှုရတာ ပြေပြစ်ချောမွေ့သွားမှာဖြစ်တဲ့ အတွက် ပြင်ဆင်ရခြင်းဖြစ်ပါတယ်။

ပြင်ဆင်ချက်အဆို (၃) ဖြစ်တဲ့ စာမျက်နှာ ၁၂ အမှတ်စဉ် ၅၈ အခန်း (၁၅) အပိုဒ် ၄၀ တွင် မူလပြဋ္ဌာန်းချက်ပါစာပိုဒ်၏ စာကြောင်းတွင် စမ်းသပ်ဟူသောစာသားအစား ဓာတ်ခွဲဟူသော စာသားဖြင့်ပြင်ဆင်ရေးသားပါတယ်။ ဘာကြောင့်ပြင်ဆင်ရေးသားရသလဲဆိုရင် ဥပဒေကြမ်းကော်မတီ မှပြင်ဆင်ရန်တင်ပြထားသည့် စာမျက်နှာ ၁၃ အမှတ်စဉ် ၆၀ အခန်း(၁၅) အပိုဒ် ၄၃ ၏ အပိုဒ်ခွဲ(ခ) တွင် မူလဓာတ်ခွဲခန်း၏စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် သတ်မှတ်ရက်အတွင်းအယူခံလျှောက် ထားခဲ့ပါက အယူခံဓာတ်ခွဲခန်း၏စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာသည် အပြီးသတ်သက်သေခံချက် ဖြစ်စေရမည်ဟုရေးသားဖော်ပြထားပါတယ်။ အဲ့ဒီအပိုဒ်ခွဲမှာကြည့်ရင် မူလဓာတ်ခွဲခန်း၏စစ်ဆေးတွေ့ ရှိချက်ဟုလည်းကောင်း၊ အယူခံဓာတ်ခွဲခန်း၏အစီရင်ခံစာဟုလည်းကောင်းရေးသားဖော်ပြသုံးနှုန်း ထားပါတယ်။ ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကိုစမ်းသပ်တာမဟုတ်ဘဲ စစ်ဆေးတာဖြစ်တဲ့ အတွက် ဓာတ်ခွဲစစ်ဆေးခန်းဟုသုံးနှုန်းမှသာလျှင် လျော်ကန်သင့်မြတ်မှာဖြစ်တဲ့အတွက် ဓာတ်ခွဲ စစ်ဆေးဟု ပြင်ဆင်ချက်အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

ပြင်ဆင်ချက်အဆို (၄) ဖြစ်တဲ့ စာမျက်နှာ ၁၃ အမှတ်စဉ် ၆၁ အခန်း (၁၅) အပိုဒ် ၄၄ တွင် မူလပြဋ္ဌာန်းချက်စာပိုဒ်၏ပထမစာကြောင်း၌ လိုင်စင်ရရှိသူသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း ဟူသောစာသားနောက်တွင် များကိုထည့်သွင်းပြင်ဆင်ပါတယ်။ ပြင်ဆင်ရသည့်ကျိုးကြောင်းဖော်ပြ ချက်ကတော့ အထက်ကပြင်ဆင်ချက်အဆို(၁)မှာ ရှင်းလင်းတင်ပြခဲ့တဲ့အတိုင်း ဤဥပဒေကြမ်း၏ အမည်နဲ့ကိုက်ညီဆီလျော်စေရန်နှင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်၊ တင်ပြချက်အပိုဒ်၊ အပိုဒ်ခွဲ တိုင်းတွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဟု ပြင်ဆင်သုံးနှုန်းမှုနဲ့ကိုက်ညီဆီလျော်စေရန်များကို ထည့်သွင်းပြင်ဆင်ရခြင်းဖြစ်ပါတယ်။ တစ်ခါ မူလပြဋ္ဌာန်းချက်၏အပိုဒ်ခွဲ(က)တွင် ထောက်ခံချက်ရရှိ ရန်သတ်မှတ်ချက်များနဲ့အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့လျှောက်ထားရမည်။ အပိုဒ်ခွဲ(ခ) ပါမစ် သို့မဟုတ် လိုင်စင်ရရှိရန် ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာနအဖွဲ့အစည်း များသို့လျှောက်ထားရာတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ထောက်ခံချက်ကို ဤလျှောက်လွှာနှင့်အတူပူးတွဲ ၍တင်ပြရမည်ဟုရေးသားဖော်ပြထားပါတယ်။ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တို့ကို စာသားကျစ်လျစ် သိပ်သီးပြီး စာကြောင်းကျုံ့သွားစေရန်နှင့် ဆိုလိုသည့်အဓိပ္ပာယ်ကိုလည်း ပေါ်လွင်ပါဝင်စေရန် အပိုဒ်ခွဲ ၂ ခုကိုပေါင်းစပ်ပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ထောက်ခံချက်ကိုရယူ၍ သက်ဆိုင်ရာသို့လျှောက်ထားရ မည်ဟုပြောင်းလဲပြင်ဆင်ရေးသားပါတယ်။ ပြင်ဆင်သည့်စာပိုဒ်ကို ဖတ်ကြားတင်ပြရရင် လိုင်စင်ရရှိ သူသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းပြုလုပ်လိုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ထောက်ခံချက်ကိုရယူ၍ သက်ဆိုင်ရာသို့ လျှောက်ထားရမည်ဟုဖြစ်ပါတယ်။ သို့ပါ၍ ကျွန်တော့်၏ပြင်ဆင်ချက်အဆိုများကို ပြည်သူ့လွှတ်တော် မှအတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းတင်သွင်းသွားတဲ့ ပြင်ဆင်အဆိုပြုချက် ၄ ခုကို ပြည်ထောင်စုကိုယ်စားလှယ်က သဘောတူပါသလား။

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ ဝန်ကြီးဌာနအနေနဲ့ သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဉာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်ရဲ့ပြင်ဆင်အဆိုပြု ၄ ချက်အား အတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စက်မှုဝန်ကြီးဌာနက တင်သွင်းထားသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကို တစ်ပါတည်း အတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် စက်မှုဝန်ကြီးဌာနက တင်သွင်းထားသောဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၀) ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်ကျင်းပမယ့်ရက်ကို ထပ်မံကြေညာပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၀) ရက်မြောက်နေ့ကိုရပ်နားကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည့်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ၁၄း၀၀ နာရီတွင် ရပ်နားပါသည်။]